ကြေးမုံ
၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက်

# တပ်မတော်နေ့ အထူးထုတ်

၂၀၂၆ ခုနှစ်၊ မတ် ၂၇ ရက်၊ (သောကြာနေ့)






# တပ်မတော်နှင့် ပြည်သူလက်တွဲ၍ နိုင်ငံတော်ကို ခိုင်မာစွာ ကာကွယ်စောင့်ရှောက်မည်

**မောင်ငြိမ်းအေး**

**တပ်မတော်သည် ပြည်သူကြားမှ သန္ဓေတည်ပေါက်ဖွားလာသော မျိုးချစ်ပြည်သူ့တပ်မတော်ဖြစ်သည်။ တိုင်းရင်းသားပေါင်းစုံပါဝင်သည့် ပြည်ထောင်စုတပ်မတော်ဖြစ်သည်။ နိုင်ငံတော်အတွက် မယိမ်းမယိုင် ရပ်တည်ခဲ့သည့် အခိုင်အမာဆုံးသော အဖွဲ့အစည်းဖြစ်သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးချိန်မှစ၍ ဖြစ်ပေါ်ခဲ့သော ပြည်တွင်း သောင်းကျန်းမှုများကို ယနေ့အချိန်အထိ ထိန်းသိမ်းကာကွယ်တိုက်ဖျက်နေသော တပ်မတော်ဖြစ်သည်။ ပြည်သူတစ်ရပ်လုံး၏ ထောက်ခံအားပေးမှုဖြင့် တိုင်းပြည်အပေါ် ကျရောက်လာသည့် ပြည်တွင်း ပြည်ပ အန္တရာယ်ရန်စွယ်မှန်သမျှကို မျိုးချစ်စိတ်ဓာတ်အရင်းခံ၍ စွန့်လွှတ်စွန့်စားမှုဖြင့် အစွမ်းကုန်ကာကွယ်စောင့်ရှောက်နေသော တပ်မတော်ဖြစ်သည်။**

တပ်မတော်သည် ငြိမ်းချမ်းရေးကို လိုလားသည့် ပြည်သူများနှင့် လက်တွဲပြီး လက်နက်ကိုင် သောင်းကျန်းသူများ၏ ဥပဒေမဲ့ အကြမ်းဖက်လုပ်ရပ်များ၊ နယ်မြေချဲ့ထွင်ရေး တိုက်ပွဲဖော်ဆောင်မှုများကို ထိန်းသိမ်းတိုက်ဖျက်ကာကွယ်လျက်ရှိသည်။ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် ပြည်ပအမှီအခိုကင်းစွာ ပြည်တွင်းအင်အားစုများကို အခြေခံ၍ ပြည်သူတစ်ရပ်လုံးပါဝင်သည့် ခေတ်မီ ပြည်သူ့ကာကွယ်ရေးစနစ်ကို ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

ကမ္ဘာတည်သရွေ့ တပ်မတော်တည်ရှိနေမည်။ တပ်မတော် တည်ရှိနေသရွေ့ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲနေမည်ဖြစ်သည်။ ပြည်သူများအနေဖြင့် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်အတူ လက်တွဲ၍ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ဆောင်ရွက်ကြရမည်ဖြစ်သည်။

### သူတစ်လူငါတစ်မင်း

တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ဆန္ဒအရင်းခံမှာ တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးပင်ဖြစ်သည်။ သို့သော် ဒေသအချို့တွင် တည်ငြိမ်အေးချမ်းမှု ပျက်ပြားနေသောကြောင့် ဒေသခံပြည်သူများ ဆင်းရဲဒုက္ခအမျိုးမျိုး ရောက်နေကြသည်။ ဒေသတစ်ခု တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု ပျက်ပြားအောင် ပြုလုပ်နေသူမှာ ထိုဒေသရှိအဖျက်သမား သောင်းကျန်းသူများသာဖြစ်သည်ကို တွေ့နိုင်သည်။ လက်နက်ကိုင်သောင်းကျန်းသူများသည် ယခုကာလမှ ပေါ်ပေါက်လာခြင်းမဟုတ်ပေ။ လွတ်လပ်ရေး မရမီကတည်းက ပေါ်ပေါက်ခဲ့ခြင်း ဖြစ်သည်။ ဗြိတိသျှနယ်ချဲ့အစိုးရက တောင်တန်း၊ ပြည်မ ခွဲခြားပြီး သွေးခွဲအုပ်ချုပ်ခဲ့သည့် အမွေဆိုးများကြောင့် လွတ်လပ်ရေးရရှိသည့်အခါ သူတစ်လူငါတစ်မင်း လက်နက်ကိုင်စွဲပြီး တိုင်းပြည်ဖရိုဖရဲ ပြိုကွဲပျက်စီးအောင် ပြုလုပ်ခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။

**ကမ္ဘာတည်သရွေ့ တပ်မတော် တည်ရှိနေမည်။ တပ်မတော်တည်ရှိနေသရွေ့ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲနေမည်ဖြစ်သည်။ ပြည်သူများအနေဖြင့် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်အတူ လက်တွဲ၍ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ဆောင်ရွက်ကြရမည်**

### နိုင်ငံ့ဝန် ထမ်းဆောင်

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့သည်မှာ နှစ်ပေါင်း ၈၀ နီးပါးရှိလာပြီဖြစ်သည်။ အချိန်ကြာလာပြီ ဖြစ်သော်လည်း သောင်းကျန်းသူ အမြစ်မပြတ်နိုင်၊ ယနေ့ထက်တိုင်ရှိနေခြင်းမှာ အတိတ်ကာလ ခါးသီးသောပြဿနာများကို လက်ဆင့်ကမ်း အမွေပေးခဲ့သောကြောင့်ဖြစ်သည်။ မျိုးဆက်များကို ဆိုးမွေများပေးခဲ့ကြသဖြင့် လူသေသော်လည်း ပြဿနာမသေဘဲ လက်နက်ကိုင်သောင်းကျန်းမှု အမြစ်မပြတ်နိုင်ခြင်းဟု ဆိုနိုင်သည်။

ပေါ်ပေါက်လာသော ပြည်တွင်း ပြည်ပ အန္တရာယ်ရန်စွယ်များကို တပ်မတော်က စွန့်လွှတ်စွန့်စား တွန်းလှန်ဖယ်ရှားခဲ့သည်။ ပြည်ထောင်စုမပြိုကွဲအောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့သည်။ ဖြစ်ပေါ်လာသော ပြည်ထောင်စုအရေး၊ အမျိုးသားနိုင်ငံရေး အခြေအနေများအပေါ် မူတည်၍ ပါဝင်ဆောင်ရွက်ခဲ့သည်။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို ဆောင်ရွက်ပေးသည်။ ပြည်သူများလိုလားသည့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ဖြောင့်တန်းစွာ လျှောက်လှမ်းနိုင်ရန် ဖော်ဆောင်ပေးခဲ့သည်။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြင့် အာဏာရပါတီက နိုင်ငံတော်အာဏာကို အဓမ္မရယူရန် ဆောင်ရွက်ခဲ့သောကြောင့် တပ်မတော်က ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် အညီ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ နိုင်ငံ့တာဝန်ကို ခေတ္တထိန်းသိမ်းဆောင်ရွက်ခဲ့ရသည်။ နိုင်ငံ့တာဝန်ထမ်းဆောင်ချိန်ကတည်းက ဦးတည်ချက်များချမှတ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ခြင်းနှင့်အတူ ပြည်သူများ၏ ဆန္ဒဖြစ်သည့် ရွေးကောက်ပွဲ ပြန်လည်ကျင်းပပေးနိုင်အောင် ဆောင်ရွက်ခဲ့သည်။ နိုင်ငံ့တာဝန်စတင်ယူချိန်တွင် ဆူပူဆန္ဒပြမှုများ၊ လက်နက်ကိုင် အကြမ်းဖက်မှုများဖြစ်ပေါ်ခဲ့သည်။ ဆူပူဆန္ဒပြမှုများကို ထိန်းထိန်းသိမ်းသိမ်း ဖြေရှင်းနိုင်ခဲ့သည်။ NCA လက်မှတ်ရေးထိုးထားသည့် EAO အဖွဲ့အချို့နှင့် လက်မှတ်ရေးထိုးထားခြင်းမရှိသည့် EAO အဖွဲ့တို့က ဖြစ်ပေါ်လာသည့် နိုင်ငံရေးအပြောင်းအလဲကို အခွင့်ကောင်းယူကာ အမြတ်ထုတ်ခဲ့ကြသည်။

### တည်ငြိမ်မှုပျက်ပြား

EAO အချို့က ပြည်တွင်းနိုင်ငံရေးဖြစ်စဉ်များကြောင့် နယ်စပ်ဒေသများသို့ ထွက်ပြေး တိမ်းရှောင်လာကြသည့်

အထူးထုတ် [ ၈ ] သို့ »»

»» အထူးထုတ် [ ခ ] မှ

လမ်းမှားရောက် လူငယ်များနှင့် နိုင်ငံ့ဝန်ထမ်းအချို့ကို လူသားချင်းစာနာထောက်ထားမှု အကြောင်းပြ၍ လက်နက်ကိုင် လမ်းစဉ်အတွင်းသို့ သွတ်သွင်းခဲ့ကြသည်။ ပြည်ပသို့ထွက်ပြေးသွားခဲ့ကြသည့် နိုင်ငံရေးသမားအချို့က CRPH၊ NUG အကြမ်းဖက်အဖွဲ့ကို ဖွဲ့စည်းပြီး မြန်မာနိုင်ငံကို မလိုလားသည့် ပြည်ပနိုင်ငံကြီးအချို့၏ အကူအညီဖြင့် လက်နက်ကိုင် အကြမ်းဖက်လမ်းစဉ်ကြီးထွားလာအောင် မီးမွှေးပေးခဲ့သည်။ လက်နက်ကိုင် သောင်းကျန်းသူများက ပြည်ပမှ ငွေကြေးထောက်ပံ့မှုများရယူပြီး အကြမ်းဖက်သင်တန်းများဖွင့်လှစ်ခြင်း၊ လက်နက်တပ်ဆင်ပေးခြင်းတို့ ပြုလုပ်ပြီး အကြမ်းဖက်လမ်းစဉ်သို့ ဦးတည်စေကာ အုပ်ချုပ်ရေးယန္တရားနှင့် မြို့ရွာများ တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် ပြုလုပ်ခဲ့သည်။

တစ်ဖက်တွင် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေလိုသည့် ပြည်ပနိုင်ငံကြီးအချို့နှင့် ပြည်တွင်း၊ ပြည်ပမှ အဖွဲ့အစည်းများ၊ ပြည်ဖျက်မီဒီယာများ၏ သွေးထိုးလှုံ့ဆော်မှုတို့ကြောင့် အကြမ်းဖက်အဖွဲ့ CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့အပါအဝင် လက်နက်ကိုင် အကြမ်းဖက်အဖွဲ့အမျိုးမျိုး ပေါ်ပေါက်လာခဲ့သည်။ အဆိုပါသောင်းကျန်းသူအဖွဲ့မျိုးစုံတို့က မြို့ရွာများ တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် လုပ်ဆောင်လာသည့်အတွက် တပ်မတော်အနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်များ၊ တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများနှင့်အတူ ပူးပေါင်းလက်တွဲကာ အကြမ်းဖက်သောင်းကျန်းသူ နှိမ်နင်းမှု စစ်ဆင်ရေးများဖြင့် ချေမှုန်းလျက်ရှိသည်။

**ကြုံတွေ့ခံစားနေရ**

အကြမ်းဖက်သောင်းကျန်းသူများက စစ်ရေးနှင့်မသက်ဆိုင်သော မြို့ရွာများကို တိုက်ခိုက်ဖျက်ဆီးပြီး လူသားတံတိုင်းဖြင့် စစ်ရာဇဝတ်မှုများ ကျူးလွန်လျက်ရှိသော်လည်း ပြည်ဖျက်မီဒီယာနှင့် ၎င်းတို့၏ အပေါင်းပါများက တပ်မတော်ကိုအပြစ်ရှာ စွပ်စွဲလုပ်ကြံ ဖန်တီးလျက်ရှိသည်။ သောင်းကျန်းသူများက တော်လှန်ရေးဟု ဆိုသော်လည်း အဖျက်လုပ်ရပ်များကိုသာ လုပ်ကိုင်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။ လမ်းများ၊ တံတားများ၊ ဆေးရုံ၊ စာသင်ကျောင်း၊ ဘာသာရေးအဆောက်အအုံများနှင့် လျှပ်စစ်ဓာတ်အားလိုင်းများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ ပိတ်ဆို့တားဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်း စသည့် အဖျက်အမှောင့်လုပ်ဆောင်မှုများကြောင့် ကုန်သွယ်ရေးလမ်းကြောင်းများ ပိတ်ဆို့ခြင်း၊ ကုန်စည်စီးဆင်းမှုနှောင့်နှေးခြင်း၊ ပညာသင်ယူမှု အခွင့်အလမ်းများ ဆုံးရှုံးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု အားနည်းသွားခြင်း၊ လက်နက်ကိုင် ပဋိပက္ခများကြောင့် စစ်ဘေးရှောင်ရခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခံရခြင်း စသည်တို့ကို ကြုံတွေ့ခံစားနေကြရသည်။

ဒေသအလိုက် လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တာဝန်ရှိသူများအားလုံး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် ဒေသတွင်နေထိုင်ကြသည့် တည်ငြိမ်အေးချမ်းမှုကို လိုလားသော ပြည်သူများ၏အားဖြင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိသည်။ တည်ငြိမ်မှုမရှိသော ဒေသများတွင် လက်နက်ကိုင်၍ အကြမ်းဖက်လုပ်ရပ်များ လုပ်ကိုင်နေကြသည့် အဖွဲ့အစည်းများက လွတ်လပ်ရေးရပြီးကာလက သောင်းကျန်းသူများကဲ့သို့ လူမျိုးရေး၊ ဝါဒရေးသက်သက် မဟုတ်တော့ပေ။ ၎င်းတို့၏ကိုယ်ကျိုးအတ္တအတွက် ပြည်တွင်း၊ ပြည်ပ အကြမ်းဖက် အထောက်အပံ့များအပြင် မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းချခြင်း၊ ဒေသအလိုက်ထွက်ရှိသည့် သယံဇာတပစ္စည်းများကို တရားမဝင် ထုတ်ယူရောင်းချခြင်း၊ ဆက်ကြေးကောက်ခံခြင်း စသည့် အမြတ်ကိုယ်ကျိုးစီးပွားရှာဖွေခြင်းများ လုပ်ဆောင်လာကြသည်။ လက်နက်ကိုင်ဆောင်ခြင်း၏ အကျိုးအမြတ်များကို သိလာကြသည်။ ထို့ကြောင့် လက်နက်ကိုင်လမ်းစဉ် သက်ဆိုးရှည်နေခြင်းဖြစ်သည်။

**ထာဝရငြိမ်းချမ်းရေး**

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများ၏ စည်းလုံးညီညွတ်မှုစွမ်းအားကြောင့် လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ခံ့ညားထည်ဝါစွာ ရပ်တည်လျက်ရှိသည်။ နယ်ချဲ့ဗြိတိသျှတို့၏ သွေးခွဲအုပ်ချုပ်မှုကြောင့် ဖြစ်ပေါ်ခဲ့ရသည့် လက်နက်ကိုင်ပဋိပက္ခ အမွေဆိုးများက ယနေ့ထက်တိုင် မချုပ်ငြိမ်းသေးဘဲ ရှိနေသည်။ လူမျိုးစွဲ၊ ဝါဒစွဲများဖြင့် ကျဉ်းမြောင်းသည့် နိုင်ငံရေးအမြင်၊ လူမျိုးရေးအမြင်၊ ကိုယ်ကျိုးအတ္တလွန်ကဲမှုများနှင့်အတူ ဖြစ်ပေါ်လျက်ရှိခြင်းကြောင့် နိုင်ငံတော်နှင့် ပြည်သူ ဒုက္ခ၊ အခက်အခဲများ ကြုံတွေ့နေရဆဲဖြစ်သည်။ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အသက်တမျှအရေးကြီးသည်။ ထို့အတူ နိုင်ငံဖွံ့ဖြိုးရေးအတွက် ကြီးမားသော မောင်းနှင်အားဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအကြား သံသယများကိုဖယ်ရှားကာ ဆွေးနွေးညှိနှိုင်းခြင်းဖြင့် ယုံကြည်မှုကို တည်ဆောက်ပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ (၇၉)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာတွင် "တိုင်းပြည်တစ်ခုဖြစ်စေ၊ လူမျိုးတစ်မျိုးဖြစ်စေ ကောင်းစွာရှင်သန်ရပ်တည်နိုင်ရန်အတွက် မိမိကိုယ်ကို ခုခံကာကွယ်နိုင်စွမ်းနှင့် မိမိတို့၏လုပ်ကိုင်ဆောင်ရွက်နိုင်မှုများကို မြှင့်တင်နေကြရမည် ဖြစ်ပါသည်။ နိုင်ငံနှင့် လူမျိုးတို့ ထာဝရတည်တံ့ခိုင်မြဲရေးကို ကိုယ်စွမ်းကိုယ်စနှင့် စည်းလုံးညီညွတ်သောစွမ်းအားတို့ဖြင့် ထိန်းသိမ်းမှု

အထူးထုတ် [ ဃ ] သို့ »»



ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၆ ရက်က တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားတွင် ငြိမ်းချမ်းသောမြန်မာ့အနာဂတ်တည်ဆောက်ခြင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပစဉ်။

**ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အသက်တမျှအရေးကြီးသည်။ ထို့အတူ နိုင်ငံဖွံ့ဖြိုးရေးအတွက် ကြီးမားသော မောင်းနှင်အားဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား သံသယများကိုဖယ်ရှားကာ ဆွေးနွေးညှိနှိုင်းခြင်းဖြင့် ယုံကြည်မှုကိုတည်ဆောက်ပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ကြရမည်**



အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဖားဆောင်းမြို့အား ၁၅-၂-၂၀၂၆ ရက်နေ့တွင် တပ်မတော်စစ်ကြောင်းများက ပြန်လည်တိုက်ခိုက်သိမ်းပိုက်ရရှိစဉ်။



အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် တကောင်းမြို့အား ၁၃-၃-၂၀၂၆ ရက်နေ့တွင် တပ်မတော်စစ်ကြောင်းများက ပြန်လည်သိမ်းပိုက်ရရှိစဉ်။



လူငယ်ကဏ္ဍမြှင့်တင်မှုအနေဖြင့် (၁၄-၁-၂၀၂၆)ရက်နေ့က လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ အခမ်းအနား ကျင်းပစဉ်။

»»» အထူးထုတ် [ ၈ ] မှ

မပြုနိုင်လျှင် နိုင်ငံ၏ အချုပ်အခြာအာဏာအားနည်းပြီး သူတစ်ပါးလက်အောက်ခံဘဝသို့ ကျရောက်နိုင်သည်ကိုလည်း သတိပြုစေလိုပါသည်။ လွတ်လပ်သည့်နိုင်ငံအဖြစ် တည်တံ့ခိုင်မြဲနေစေရန်၊ သူတစ်ပါးလက်အောက်ခံ မဖြစ်စေရန် မိမိတို့အားလုံး စည်းလုံးညီညွတ်ကြရမည် ဖြစ်ပါသည်။ နိုင်ငံတော်အပေါ် ဘေးအန္တရာယ် ကျရောက်လာလျှင်လည်း နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကတာဝန်ရှိသည့် တပ်မတော်နှင့် ပြည်သူ ခိုင်မြဲစွာလက်တွဲပြီး တိုင်းပြည်ချစ်စိတ်၊ ရဲစွမ်းသတ္တိနှင့် စုပေါင်းစွမ်းအားဖြင့် နိုင်ငံတော် အစွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် စည်းလုံးညီညွတ်စွာ တွန်းလှန်ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်ပါသည်”ဟု အသိပေးထားသည်။

အမျိုးသားနိုင်ငံရေး

နိုင်ငံ၏သမိုင်းကြောင်းကို ပြန်ကြည့်လျှင် နယ်ချဲ့ဗြိတိသျှတို့၏ သွေးခွဲအုပ်ချုပ်မှု အကျိုးဆက်ကြောင့် စည်းလုံးညီညွတ်မှုပျက်ပြားခဲ့သည်။ လွတ်လပ်ရေးနှင့်အတူ နိုင်ငံတော်ကိုဆန့်ကျင်သည့် လက်နက်ကိုင်အဖွဲ့များ ပေါ်ပေါက်ခဲ့သည်။ လက်နက်ကိုင်ပဋိပက္ခများကြောင့် တည်ငြိမ်အေးချမ်းမှု ပျက်ပြားလာခဲ့သည်မှာ ယနေ့ထက်တိုင်ဖြစ်သည်။ တပ်မတော်အနေဖြင့် တိုင်းပြည်ယိုယွင်းပျက်စီးမှု၊ ဆူပူသောင်းကျန်းမှုများကို ခေတ်အဆက်ဆက် ကာကွယ်စောင့်ရှောက်ခဲ့ရသည်။ တပ်မတော်သည် အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃)ပါးကို ကာကွယ်စောင့်ရှောက်လျက်ရှိသည်။ တပ်မတော်၏ အဓိကတာဝန်မှာ နိုင်ငံတော်ကာကွယ်ရေး တာဝန်ဖြစ်သော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည် ယိမ်းယိုင်မသွားစေရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်နေခြင်းဖြစ်သည်။

တပ်မတော်က နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အစိုးရ၊ ပြည်သူလူထုနှင့်အတူလက်တွဲပြီး ကျရာကဏ္ဍမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရာတွင် ဒို့တာဝန်အရေး(၃)ပါးကို မသွေဖည်ဘဲ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှ ကိစ္စအဝဝတို့ကို အလေးထားဆောင်ရွက်လျက်ရှိသည်။ တပ်မတော်အနေဖြင့် ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပေးခဲ့ပြီး အစိုးရအဖွဲ့သစ်ကို နိုင်ငံတော်အာဏာ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်သည်။

စွမ်းအားရှိတပ်မတော်

တပ်မတော်အနေဖြင့် နိုင်ငံရေးအစိုးရများ မည်သို့ပင်ပြောင်းလဲသည်ဖြစ်စေ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို ဆက်လက်ထမ်းဆောင်နေမည်သာဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြောကြားထားသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးသည့် အချိန်မှစ၍ နိုင်ငံအတွင်း ဖြစ်ပေါ်ခဲ့သည့် ပြည်တွင်း လက်နက်ကိုင်သောင်းကျန်းမှုအမျိုးမျိုးတို့ကို တပ်မတော်က ဖြေရှင်းပေးနိုင်ခဲ့သည့် သမိုင်းကြောင်းအထောက်အထားများ ရှိခဲ့ပြီးဖြစ်သည်။ နိုင်ငံတော်ယာယီသမ္မတ မိန့်ကြားသကဲ့သို့ မိမိကိုယ်ကို ခုခံကာကွယ်နိုင်စွမ်းနှင့် မိမိတို့၏ လုပ်ကိုင်ဆောင်ရွက်နိုင်မှုများကိုမြှင့်တင်နေမှသာ နိုင်ငံတော်ကို ပြည်တွင်း၊ ပြည်ပအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်သည်။ သို့အတွက်လည်း စွမ်းရည်ရှိသည့် တပ်မတော်၊ စွမ်းအားရှိသည့် တပ်မတော်ဖြစ်အောင် တည်ဆောက်နေသည်ကို တွေ့ရမည်ဖြစ်သည်။

ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သဖြင့် စစ်ရေးတွင် အဆင့်မြင့်နည်းပညာများ အသုံးချ၍ တိုက်ပွဲများ ဖော်ဆောင်လာကြသည်ကို တွေ့ရပေမည်။ ထို့ကြောင့် နိုင်ငံတကာနှင့်ယှဉ်နိုင်သည့် တပ်မတော်ဖြစ်စေရေး၊ တပ်မတော် (ကြည်း၊ ရေ၊ လေ)အတွက် လိုအပ်သည့် ယာဉ်၊ ယန္တရား၊ လက်နက်အသုံးအဆောင်ပစ္စည်းများ၊ ခေတ်နှင့် လျော်ညီသည့် စစ်ဘက်ဆိုင်ရာနည်းပညာများ အဆင့်မြှင့်တင်ဖြည့်ဆည်းရေး၊ တိုက်စွမ်းအားနှင့် ခေတ်မီ လက်နက်နည်းပညာများကို အပြည့်အဝအသုံးချ၍ စွမ်းရည်ရှိသည့် တပ်မတော်၊ စွမ်းအားရှိသည့် တပ်မတော်အဖြစ် ခိုင်မာစွာတည်ဆောက်ပြီး နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကတာဝန်ရှိသည့် တပ်မတော်နှင့်ပြည်သူ ခိုင်မြဲကြည်ဖြူလက်တွဲကာ ရဲစွမ်းသတ္တိနှင့် စုပေါင်းစွမ်းအားဖြင့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရမည် ဖြစ်ပါကြောင်း (၈၁)နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြုရေးသား တင်ပြလိုက်ရပါသည်။ ။

**မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးသည့် အချိန်မှစ၍ နိုင်ငံအတွင်း ဖြစ်ပေါ်ခဲ့သည့် ပြည်တွင်းလက်နက်ကိုင် သောင်းကျန်းမှုအမျိုးမျိုးတို့ကို တပ်မတော်က ဖြေရှင်းပေးနိုင်ခဲ့သည့် သမိုင်းကြောင်း အထောက်အထားများ ရှိခဲ့ပြီးဖြစ်သည်။ နိုင်ငံတော်ယာယီသမ္မတ မိန့်ကြားသကဲ့သို့ မိမိကိုယ်ကို ခုခံကာကွယ်နိုင်စွမ်းနှင့် မိမိတို့၏ လုပ်ကိုင်ဆောင်ရွက်နိုင်မှုများကို မြှင့်တင်နေမှသာ နိုင်ငံတော်ကို ပြည်တွင်း၊ ပြည်ပအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်သည်။ သို့အတွက်လည်း စွမ်းရည်ရှိသည့် တပ်မတော်၊ စွမ်းအားရှိသည့် တပ်မတော် ဖြစ်အောင် တည်ဆောက်နေသည်ကို တွေ့ရမည်**

## နိုင်ငံ့အင်အား ပြည်သူ့ဓား

“နှမလေး ပျိုတို့မောင်မှာ ..”
“စစ်သံကြားက .. ရွှေဓားပိုက်ကာ..”
“အိုးစားဖက်ကို လိုက်လို့ရှာသည်...”
(ရှင်ငြိမ်းမယ် – အိုင်ချင်း)

☆ မြန်မာ့အစဉ်အလာ အာဇာနည်အမျိုးတွေက
ကမ္ဘာ့တခွင်မှာ သမ္မာတာရှည် မညှိုးရအောင်
ငတို့ ဘိုး ဘေး ဘီ ဘင် တို့ ...
ထီမထင် ပြည်တခွင်မှာ အမျိုးချစ်တဲ့သွေးတွေနဲ့
ရေးထိုးခဲ့ မော်ကွန်းချီ ...။

☆ ပြည်ထောင်စုရဲ့ “တပ်မတော်”။
အမြတ်အမော် အဖိုးမဖြတ်နိုင်တဲ့
အမျိုးမြတ် အာဇာနည်တို့
မြန်မာပြည် စစ်သမိုင်းရယ်နဲ့
ခေတ်တိုင်းမှာ အတူယှဉ်လို့
ဖြူစင်စွာ ပြည်သူ့အကျိုး
သယ်ပိုးခဲ့သည်...။

☆ နိုင်ငံတော် နဲ့ ပြည်သူ့အတွက်
သမိုင်းအဆက်အစဉ် အရေးမပျက်ခဲ့ပါဘူး
သွေးအသက်တွေ ပေးဆက်နှင်းပါလို့
မာန်အဟုန် ရန်အဖုံဖုံကိုခွင်းခဲ့ကြ
မယွင်းမကွက် သစ္စာတည်၍
တိုင်းမြန်ပြည် ချီရာလမ်းမှာဖြင့်
ညီစွာလှမ်းခဲ့ ခရီးအထွေထွေမှာ
ကြည်း ရေ လေ အားအင်အထု ရယ်က
ပြည်သူ့“အား” ပြည်သူ့“ထီး”
ပြည်သူ့ “သား” ပြည်သူ့ “သမီး”တွေမို့
ကြီးမြတ်တဲ့ သစ္စာတည်...
ချီလေတဲ့ နိုင်ငံ့အရေး...။
“ကမ္ဘာမကြေ.. မြန်မာပြေ(ပြည်)...”
တို့ဘိုးဘွား အမွေအစစ်မို့ ချစ်မြတ်နိုးပေ...
“ပြည်ထောင်စုကို အသက်ပေးလို့ ...
တို့ကာကွယ်မလေ ...”
“ဒါ တို့ပြေ ဒါတို့မြေ တို့ပိုင်နက်မြေ ...”

☆ ကိန်း အရပ်ရပ်မှာဖြင့်
အငြိမ်းခေတ်တွေ အဖြာဖြာဝေ၍
ကမ္ဘာမကြေ နိုင်ငံတေးကိုဖြင့်
မြန်မာတတွေ သံပြိုင်ကြွေးပါလို့
မနေးအမြန် ဘေးရန်တွေလည်း အေးတဲ့ပြင်
ပြည့်အရေးတွေ အရာရာအောင်လို့မို့
အာကာဘောင် တက်နေထွန်းသလိုပ
မြန်မာတန်ဆောင် ကျက်သရေရွှန်းခဲ့ပေါ့
ရွှေကျွန်းဇမ္ဗူ တောင်မဟီတော်က
ရောင်နီပေါ် ပြည်အမှန်ငြိမ်းရအောင်
အောင်စည်တော် မြည်သံဟိန်းပြီကွယ့်
ခေတ်ကိန်း အမှန်အေးတဲ့ပြင်
ခပ်သိမ်းရန်ဝေး ...။ ။

**[(၈၁)နှစ်မြောက် တပ်မတော်နေ့သို့ ဂုဏ်ပြုလျက်]**

**မိုးချမ်းမြေ့**

# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ငြေ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ချမ်းသာခြင်းအကြောင်းတရား**

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏၊ အခိုင်အမြဲတည်သော သဒ္ဓါတရားရှိခြင်းသည် ချမ်းသာ၏၊ အသိဉာဏ်ပညာကို ရခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏။

နာဂဝဂ်(ဓမ္မပဒ-၃၃၃)


၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက် သောကြာနေ့။ Friday, 27 March 2026 ၁၂၁၃၄


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၂၆**

၂၀၂၆ ခုနှစ် (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဥပစာရင်ပြင်၌ ကျင်းပပြုလုပ်သည်။

**မီးရှူးမီးပန်းများ ပစ်ဖောက်**

ဂုဏ်ပြုညစာစားပွဲ စတင်ကျင်းပချိန်တွင် (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသည့် အထိမ်းအမှတ်အဖြစ် တပ်မတော်နေ့ စစ်ရေးပြကွင်းနှင့် ဘုရင့်နောင်ရိပ်သာတို့မှ မီးရှူးမီးပန်းများ ပစ်ဖောက်ကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် (၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အတွင်းရေးမှူး ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။


ယနေ့ ဖတ်စရာ

ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင် တံဆိပ်များ ချီးမြှင့်အပ်နှင်း — စာမျက်နှာ » ၄

အဆင့်မြှင့်တင်ထားသည့် Bar Code/QR Code များဖြင့် စက်သုံးဆီရောင်းချပေးသွားမည်ဖြစ်၍ ပူးပေါင်းဆောင်ရွက်ကြပါရန် အသိပေးထုတ်ပြန်ခြင်း — စာမျက်နှာ » ၁၃

သတိပြုကာကွယ်ရမည့် လေထုညစ်ညမ်းမှုအန္တရာယ် — ဆောင်းပါး — စာမျက်နှာ » ၁၄

ကြေးမုံ

# မွန်မြတ်သည့်တပ်မတော်နေ့ကိုဂုဏ်ပြု အစိုးရ၊ ပြည်သူနှင့်အတူ လက်တွဲကြိုးပမ်း

တပ်မတော်သည် လွတ်လပ်ရေးနှင့်အတူ မွေးဖွားပေါ်ပေါက်လာသော အမျိုးသားတပ်မတော်ဖြစ်သည်။ တိုင်းရင်းသားပြည်သူများနှင့် ဖွဲ့စည်းထားသည့် မျိုးချစ်တပ်မတော်ဖြစ်သည်။ တပ်မတော်၏ အဓိကလုပ်ငန်းတာဝန်သည် ပြည်ပရန်ကာကွယ်ရေးဖြစ်သော်လည်း နိုင်ငံတော်တွင် ဖြတ်သန်းခဲ့ရသည့် သမိုင်းကြောင်းအခြေအနေများအရ ပြည်ပရန်စွယ်အန္တရာယ်အပြင် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ၊ အမျိုးသားအကျိုးစီးပွားများအား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည်။

တပ်မတော်သည် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိရေးအတွက် အသက်သွေးချွေးများပေးဆပ်ပြီး စွန့်လွှတ်စွန့်စား ကြိုးပမ်းဆောင်ရွက်ခဲ့သလို ရရှိပြီးသောလွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲစေရန်ကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲ ဦးထိပ်ပန်ဆင်ပြီး သမိုင်းကြောင်းတစ်လျှောက် အစဉ်အလာကောင်းများကို ခိုင်မာစွာစိုက်ထူနိုင်ခဲ့သည်။ ခေတ်အဆက်ဆက်တွင် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေးအတွက် စစ်ဆင်ရေးတာဝန်အမျိုးမျိုးကို စွန့်လွှတ်စွန့်စား ကြိုးပမ်းထမ်းဆောင်ခဲ့သလို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို စိတ်ရှည်သည်းခံပြီး ခိုင်မာသောစိတ်ထားဖြင့် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

တပ်မတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)တွင် ပြဋ္ဌာန်းထားသည့်အတိုင်း နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် ပါဝင်ထမ်းဆောင်လျက်ရှိသည်။ တပ်မတော်သည် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီသည့် တစ်ခုတည်းသော မျိုးချစ်တပ်မတော်ဖြစ်သည်။ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတွင် ပြည်သူတစ်ရပ်လုံးပါဝင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်၏ မြေထု၊ ရေထု၊ လေထုနှင့် သယံဇာတအရင်းအမြစ်များကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည်။ စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေးကို အကောင်အထည်ဖော်ပေးလျက်ရှိသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူတို့နှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

တပ်မတော်ကို ခေတ်မီတပ်မတော်တစ်ရပ်အဖြစ် တည်ဆောက်ရာတွင် ခြေလျင်တပ်ရင်းတပ်ဖွဲ့များသာမက တပ်မတော်(ရေ)၊ တပ်မတော်(လေ)နှင့် လက်ရုံးတပ်ဖွဲ့များ၏ စွမ်းရည်၊ စွမ်းအားများကိုလည်း မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တွင် လူ၊ လက်နက်ဖွဲ့စည်းမှု အဆင့်မြှင့်တင်ခြင်းသာမက တပ်မတော်(ရေ)အတွက် လိုအပ်သည့် စစ်ရေယာဉ်များကို ကိုယ်တိုင်တည်ဆောက်ခြင်း၊ ဝယ်ယူဖြည့်တင်းခြင်းများအပြင် တပ်မတော်(လေ)အတွက် လိုအပ်သည့် လေယာဉ်၊ ရဟတ်ယာဉ်များကို အဆင့်မြှင့်တင်ခြင်း၊ ထုတ်လုပ်ခြင်းနှင့် ခေတ်မီလေယာဉ်များ၊ ရဟတ်ယာဉ်များရရှိရေးကိုလည်း ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ခေတ်အဆက်ဆက် ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများအရ တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးဝန်ထမ်းတပ်ဖွဲ့များတွင် လိုအပ်သည့် လက်နက်စနစ်များနှင့် ဆက်စပ်ပစ္စည်းများကိုလည်း ဖြည့်တင်းထုတ်လုပ်ဆောင်ရွက်ခဲ့သည်။

"နိုင်ငံရေးအစိုးရများအနေဖြင့် ရွေးချယ်တင်မြှောက်ခံရသူများဖြစ်ပြီး သတ်မှတ်ကာလများအလိုက် ပြောင်းလဲနေမည်ဖြစ်သော်လည်း တပ်မတော်အနေဖြင့် အစိုးရများကဲ့သို့ ပြောင်းလဲမည်မဟုတ်ဘဲ လက်ဆင့်ကမ်းတာဝန်များကို ပခုံးပြောင်းတာဝန်ထမ်းဆောင်ခြင်းဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရန်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိကြောင်း၊ ထို့ကြောင့် တပ်မတော်သားအားလုံးအနေဖြင့် နိုင်ငံတော်နှင့် ခေါင်းဆောင်အဆက်ဆက် အမြော်အမြင်ရှိရှိ ချမှတ်ထားခဲ့သည့် မွန်မြတ်သည့် လက်ဆင့်ကမ်းအမွေကို ထိန်းသိမ်းပြီး တပ်မတော်နှင့် နိုင်ငံ့ဂုဏ်ကို ဆက်လက်မြှင့်တင်သွားကြရန်" တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မတ်လ ၁၃ ရက်နေ့က အလေးအနက်ထားတိုက်တွန်းချက်ကို ဦးထိပ်ပန်ဆင် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ၂၀၂၆ ခုနှစ် (၈၁)နှစ်မြောက် တပ်မတော်နေ့အတွက် ချမှတ်ထားသည့် ဦးတည်ချက်များအနက် အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃)ပါးကို ကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေးနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့် အတူလက်တွဲပြီး ကျရာကဏ္ဍအသီးသီးမှ တာဝန်ကျေပွန်စွာ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး (၃) ပါးကို ကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေး။

( ခ ) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူ လက်တွဲပြီး ကျရာကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်ရေး။

( ဂ ) စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးဆောင်ရွက်ရာတွင် ဒို့တာဝန် အရေး(၃)ပါးကို မသွေဖည်ဘဲ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှအလေးထားဆောင်ရွက်ရေး။

(ဃ) တပ်မတော်ကို Standard Army ဖြစ်စေရေး တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏ လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်(၃)ရပ် မြင့်မားစေရေးနှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာ အသုံးပြုတတ်စေရေး စဉ်ဆက်မပြတ်တိုးတက်အောင် ဆောင်ရွက်ရေး။

## တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း အချိန်ပြောင်းလဲထုတ်လွှင့်မည်

၁။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်းထုတ်လွှင့်မှုကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှစပြီး ၂၀၂၆ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ နေ့စဉ် နံနက် ၆:၀၀ နာရီမှစပြီး အနောက် ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇိုး)၊ ချင်း(ချိုး)၊ မွန်၊ ရခိုင်၊ ရှမ်းဘာသာ၊ "ဝ"၊ ကချင်၊ ကယား၊ စကောကရင်ဘာသာ အစီအစဉ်များကို ည ၂၃:၀၀ နာရီအထိ ထုတ်လွှင့်လျက်ရှိပါသည်။

၂။ ယခု NRC ရုပ်သံလိုင်းထုတ်လွှင့်ချိန် ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၂၆ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစပြီး ၂၀၂၆ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့အထိ နေ့စဉ် နံနက် ၆:၀၀ နာရီမှ ၇:၀၀ နာရီအထိ အရှေ့ပိုးကရင်ဘာသာအစီအစဉ်၊ နံနက် ၇:၀၀ နာရီမှ ၈:၀၀ နာရီအထိ ချင်း(လိုင်ဇိုး)ဘာသာအစီအစဉ်၊ နံနက် ၈:၀၀ နာရီမှ နံနက် ၉:၀၀ နာရီအထိ ချင်း(ချိုး)ဘာသာအစီအစဉ်၊ နံနက် ၉:၀၀ နာရီမှ နံနက် ၁၁:၀၀ နာရီအထိ မွန်ဘာသာအစီအစဉ်၊ နံနက် ၁၁:၀၀ နာရီမှ မွန်းလွဲ ၁၃:၀၀ နာရီအထိ ရခိုင်ဘာသာ အစီအစဉ်၊ မွန်းလွဲ ၁၃:၀၀ နာရီမှ မွန်းလွဲ ၁၅:၀၀ နာရီအထိ ရှမ်းဘာသာအစီအစဉ်၊ မွန်းလွဲ ၁၅:၀၀ နာရီမှ ညနေ ၁၇:၀၀ နာရီအထိ "ဝ"ဘာသာအစီအစဉ်၊ ည ၁၇:၀၀ နာရီမှ ည ၁၉:၀၀ နာရီအထိ ကချင်ဘာသာအစီအစဉ်၊ ည ၁၉:၀၀ နာရီမှ ၂၁:၀၀ နာရီအထိ ကယားဘာသာအစီအစဉ်၊ ည ၂၁:၀၀ နာရီမှ ၂၂:၀၀ နာရီအထိ စကောကရင်ဘာသာအစီအစဉ်၊ ည ၂၂:၀၀ နာရီမှ ၂၃:၀၀ နာရီအထိ အနောက်ပိုးကရင်ဘာသာအစီအစဉ်တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

## ၂၆- ၃ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၀၀၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၆ - ၃ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၅,၀၀၀ | ၁၅,၀၀၀ | ၃၈၈ | ၅,၆၇၀,၀၀၀ |
| MTSH | ၆,၃၀၀ | ၆,၃၀၀ | ၅,၆၀၂ | ၃၄,၇၇၉,၂၀၀ |
| MCB | ၉,၆၀၀ | ၉,၁၀၀ | ၆၀ | ၅၆၇,၀၀၀ |
| FPB | ၄,၃၀၀ | ၄,၃၀၀ | ၇,၆၃၉ | ၃၂,၇၂၆,၉၀၀ |
| TMH | ၃,၂၅၀ | ၃,၃၅၀ | ၂၅ | ၈၁,၆၀၀ |
| EFR | ၁,၉၀၀ | ၁,၉၀၀ | ၃,၁၅၈ | ၅,၈၅၀,၀၅၀ |
| AMATA | ၃,၉၅၀ | ၃,၉၅၀ | ၇၀ | ၂၇၆,၅၀၀ |
| MAEX | ၃,၈၅၀ | ၃,၈၅၀ | ၃,၉၆၂ | ၁၅,၂၅၃,၇၀၀ |
| MADPL(PLB) | ၃,၁၅၀ | ၃,၃၀၀ | ၅၁၇ | ၁,၇၀၄,၆၀၀ |
| ASPGB(PLB) | ၄၀,၀၀၀ | ၄၀,၀၀၀ | ၁၉၀ | ၇,၆၀၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်စဉ်။



(၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုညစာစားပွဲ အခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် မီးရှူးမီးပန်းများ ပစ်ဖောက်စဉ်။

**❂ ရှေ့ဖုံးမှ**

ကော်မရှင်အဖွဲ့ဝင် ညွှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့် ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ဇနီး၊ ကော်မရှင် အဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရဲဘော်သုံးကျိပ်ဝင် မိသားစုဝင်များ၊ အငြိမ်းစား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏မိသားစုဝင်များ၊ အငြိမ်းစားတပ်မတော်(ကြည်း၊ ရေ၊ လေ)အရာရှိကြီးများ၊ လွတ်လပ်ရေးမော်ကွန်းဝင် ပုဂ္ဂိုလ်ကြီးများ၊ အကြံပေးပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်သား အငြိမ်းစား သံအမတ်ကြီးများ၊ နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများနှင့် တာဝန်ရှိသူများ၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အောင်ဆန်းသူရိယဘွဲ့ရရှိခဲ့သူများ၏ မိသားစုဝင်များနှင့် ဆွေမျိုးများ၊ သီဟသူရဘွဲ့၊ သူရဘွဲ့နှင့် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့၊ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ရရှိခဲ့ကြသည့် အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၊ ဆွေမျိုးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့တို့မှ ပုဂ္ဂိုလ်များ၊ အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်းတွင် ပါဝင်ခဲ့သည့် အနုပညာရှင်များ၊ စစ်ချီသီချင်း၊ စစ်သည် တေးသီချင်း၊ ကဗျာ၊ ဝတ္ထုတို၊ ဝတ္ထုရှည်ပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ တပ်ဖွဲ့ဝင်များ၊ တိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက်နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ဇနီးတို့သည် အခမ်းအနား တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။

ညစာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ စစ်သည်၊ စစ်သမီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် အဆိုရှင်များက မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေမည့် ဂုဏ်ပြုတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ဂုဏ်ပြုညစာစားပွဲ အပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးတို့က တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကာ အခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် မီးရှူးမီးပန်းများ ပစ်ဖောက်မှုကို ကြည့်ရှုအားပေးကြပြီး အခမ်းအနားမှ ပြန်လည်ထွက်ခွာကြသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

ဆက်လက်၍ အခမ်းအနား အစီအစဉ် ဒုတိယပိုင်းအဖြစ် ဇေယျာသီရိဗိမာန် သဘင်ဆောင်အတွင်း၌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ မြဝတီတေးဂီတအဖွဲ့မှ တပ်ဖွဲ့ဝင် စစ်သည်၊ စစ်သမီးများက သံစုံတီးဝိုင်းနှင့်တွဲဖက်၍ အဆို၊ အကများ၊ ယိမ်းအကများဖြင့် သီဆိုတီးမှုတ် ဖျော်ဖြေတင်ဆက်ကြရာ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အခမ်းအနား တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

ဖျော်ဖြေတင်ဆက်မှုအပြီးတွင် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်သည်၊ စစ်သမီးများအား အမှတ်တရဂုဏ်ပြုပန်းခြင်းပေးအပ်ခဲ့ပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

(၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဝင်း အဝင်လမ်းမကြီးတစ်လျှောက်တွင် တပ်မတော် ရေယာဉ်များ၊ လေယာဉ်၊ ရဟတ်ယာဉ်များ၊ ယာဉ်ယန္တရားများ၏ ပုံသဏ္ဌာန်များ၊ ပထမ၊ ဒုတိယနှင့် တတိယ မြန်မာနိုင်ငံတော်တို့ကို တည်ထောင်ခဲ့ကြသော မင်းသုံးပါး ရုပ်တုများအား မီးအလှအပများဖြင့် လှပစွာဂုဏ်ပြုပုံဖော် ထွန်းညှိထားရှိကြောင်း သိရသည်။

**သတင်းစဉ်**




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အခမ်းအနား တက်ရောက်လာကြသူများ မြဝတီတေးဂီတအဖွဲ့မှ တပ်ဖွဲ့ဝင် စစ်သည်၊ စစ်သမီးများက သံစုံတီးဝိုင်းနှင့်တွဲဖက်၍ အဆို၊ အကများ၊ ယိမ်းအကများဖြင့် သီဆိုတီးမှုတ် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြစဉ်။

# ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**အမိန့်ကြော်ငြာစာအမှတ် ၅၇/ ၂၀၂၆**
**၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက်**
**(၂၀၂၆ ခုနှစ်၊ မတ်လ ၂၇ ရက်)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတက နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သည့် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းလိုက်သည် -

**တပ်မတော်ဆိုင်ရာစွမ်းရည်သတ္တိဂုဏ်ထူးဆောင်ဘွဲ့**
**သူရဘွဲ့**

| | | |
|---|---|---|
| ၁။ | ဗိုလ်မှူး ဇော်မျိုးနိုင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ဒေါ်စန်းမော်အေး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | ဒေါ်စနေမ | ကာကွယ်ရေးဝန်ကြီးဌာန |

**တပ်မတော်ဆိုင်ရာစွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်**
**သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်**

| | | | |
|---|---|---|---|
| ၁။ | ဗိုလ်မှူး အောင်နိုင်မိုးလှိုင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ဗိုလ်မှူး ရဲဇော်ထွန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | ဗိုလ်မှူး ရှားလူ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄။ | ဗိုလ်ကြီး မင်းကြည်ဟိန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅။ | ဗိုလ် သက်ပိုင်မြင့် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆။ | ဗိုလ် ပြည့်စုံအောင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇။ | တတ-၁၂၆၉၁၉ | ဒုတိယတပ်ကြပ် သူရိန်အောင် | ကာကွယ်ရေးဝန်ကြီးဌာန |

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာစွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်**
**ရဲဗလတံဆိပ်**

| | | | |
|---|---|---|---|
| ၁။ | မောင်အောင်ဖြိုးပိုင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | မောင်ပိုင်သက်ကျော်(ခ) မောင်မျိုးဇင်သက် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | မောင်ကောင်းမင်းထက် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄။ | ဦးရဲလင်း | အရပ်သား/ ရိပ်သာ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅။ | ဦးကျော်ဇင်ဝင်း | အရပ်သား/ ရိပ်သာ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆။ | ဦးကျော်ရဲထွဋ် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၇။ | ဦးဇော်မင်းထွန်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၈။ | ဦးမောင်ဆွေဝင်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၉။ | ဦးနေထက်လင်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၀။ | ဦးတင်မိုးဝင်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၁။ | ဦးစောဦး | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၂။ | ဦးဆန်းလင်း | | မကွေးတိုင်းဒေသကြီး |
| ၁၃။ | ဦးသူရိန်ထွန်း | | မကွေးတိုင်းဒေသကြီး |
| ၁၄။ | ဦးဟိန်းစည်သူ | | မကွေးတိုင်းဒေသကြီး |
| ၁၅။ | ဦးစံတင်ဝင်း | | မကွေးတိုင်းဒေသကြီး |
| ၁၆။ | ဦးကျော်ဇေဦး | | မကွေးတိုင်းဒေသကြီး |
| ၁၇။ | ဦးရန်နိုင်ဦး | | မကွေးတိုင်းဒေသကြီး |
| ၁၈။ | ဦးမျိုးမင်းသူ | | မကွေးတိုင်းဒေသကြီး |
| ၁၉။ | ဦးမင်းလွင် | | မကွေးတိုင်းဒေသကြီး |
| ၂၀။ | ဦးထက်ဝေဦး | | မကွေးတိုင်းဒေသကြီး |
| ၂၁။ | ဦးကျော်လင်းဦး | | မကွေးတိုင်းဒေသကြီး |
| ၂၂။ | ဦးငွေးလွင် | | မကွေးတိုင်းဒေသကြီး |
| ၂၃။ | ဦးမြင့်ခိုင် | | မကွေးတိုင်းဒေသကြီး |
| ၂၄။ | ဦးမင်းနိုင်ဦး | | မကွေးတိုင်းဒေသကြီး |
| ၂၅။ | ဦးသန့်ဇင်ဦး | | မကွေးတိုင်းဒေသကြီး |
| ၂၆။ | ဦးလှိုင်မင်းဆွေ | | မကွေးတိုင်းဒေသကြီး |
| ၂၇။ | ဦးဟိန်းသန့်ကို | | မကွေးတိုင်းဒေသကြီး |
| ၂၈။ | ဦးဇော်မျိုးအောင် | | မကွေးတိုင်းဒေသကြီး |
| ၂၉။ | ဦးသိန်းဇော်ဦး | | မကွေးတိုင်းဒေသကြီး |
| ၃၀။ | ဦးဇော်မျိုးငြိမ်း | | မကွေးတိုင်းဒေသကြီး |
| ၃၁။ | ဦးအေးဇော် | | မကွေးတိုင်းဒေသကြီး |
| ၃၂။ | ဦးလင်းထင် | | မကွေးတိုင်းဒေသကြီး |

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ယာယီသမ္မတ**





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် (၈၁) နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားသို့ တက်ရောက်ကြမည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့် ဇနီးများအား သွားရောက်တွေ့ဆုံ ဂါရဝပြုနှုတ်ဆက်စဉ်။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး (၈၁)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ကြမည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့် ဇနီးများအား သွားရောက်တွေ့ဆုံ ဂါရဝပြုနှုတ်ဆက်

**နေပြည်တော် မတ် ၂၆**

၂၀၂၆ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်သည့် (၈၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား တက်ရောက်ရန် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ခေတ္တ တည်းခိုနေထိုင်လျက်ရှိသည့် တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့သော အငြိမ်းစား တပ်မတော် အရာရှိကြီးများနှင့် ဇနီးများအား ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ကိုယ်စား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ် တို့က သွားရောက်၍ တွေ့ဆုံဂါရဝပြုနှုတ်ဆက်သည်။

ထိုသို့တွေ့ဆုံဂါရဝပြုနှုတ်ဆက်ရာတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး တို့သည် အငြိမ်းစား တပ်မတော် အရာရှိကြီးများနှင့် ဇနီးများအား တစ်ဦးချင်း လိုက်လံဂါရဝပြုနှုတ်ဆက်ခဲ့ပြီး ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ လိုအပ်ချက်များကို ရင်းနှီးနွေးထွေးစွာမေးမြန်း၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

**ဩဝါဒစကားများ**
**ပြန်လည်ပြောကြား**

တွေ့ဆုံစဉ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ယခုကဲ့သို့ တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားသို့ တက်ရောက် ချီးမြှင့်ပေးသည့် အတွက် ကျေးဇူးတင်ရှိမှု၊ တပ်မတော်၏ အစဉ်အလာ ကောင်းများကို ဆက်လက် ထိန်းသိမ်း ဆောင်ရွက်လျက်ပြီး စွမ်းရည် ထက်မြက်သည့် တပ်မတော် ဖြစ်စေရေးအတွက် ကြိုးပမ်း ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး အတွက် တပ်မတော်အနေဖြင့် အလေးထား ဆောင်ရွက်လျက် ရှိမှုများကိုဆွေးနွေးပြောကြားခဲ့ရာ အငြိမ်းစား တပ်မတော်အရာရှိကြီး များက ယခုကဲ့သို့ တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ရသည့် အတွက် ဂုဏ်ယူဝမ်းမြောက်ရမှု၊ တပ်မတော်၏ ကောင်းမွန်သည့် အစဉ်အလာများနှင့်အညီ မိဘဆရာသမား သဖွယ် ပြုစုကူညီစောင့်ရှောက်မှုများအတွက်လည်း အထူး ဝမ်းမြောက် ကျေးဇူးတင်ဂုဏ်ယူလျက်ရှိမှုနှင့် အခြားဩဝါဒ စကားများကို ပြန်လည်ပြောကြားခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

ကျောဖုံးမှ ❂
ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကော်မရှင် အတွင်းရေးမှူး ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ရေ၊လေ)မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများက တက်ရောက် ဂါရဝပြုကန်တော့ကြသည်။



ဗိုလ်ချုပ်ကြီး သိန်းစိန်(အငြိမ်းစား)က သြဝါဒစကားပြောကြားစဉ်။

အခမ်းအနားတွင် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ဂါရဝပြု နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယခုကဲ့သို့ (၈၁) နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားကို တက်ရောက်ရန် ရောက်ရှိနေကြသည့် တပ်မတော်၏ အမိအဖ၊ ဆရာသမားများ အားလုံးကို နိုင်ငံတော် လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်စား ရိုသေစွာနှုတ်ခွန်းဆက်သဂါရဝပြုပါကြောင်း၊ (၈၁)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားကို ဂုဏ်ယူစွာတက်ရောက်လာကြသည့် တပ်မတော်၏ အမိအဖ၊ ဆရာသမားများအားလုံးကို စုံစုံညီညီ တွေ့ဆုံရသည့်အတွက် တပ်မတော် တစ်ရပ်လုံးကိုယ်စား ကျေးဇူးတင် ဂုဏ်ယူပါကြောင်း၊ ယခုနှစ် (၈၁)နှစ်မြောက်တပ်မတော်နေ့အခမ်းအနားသည် ထူးခြားသည့် အခမ်းအနားဖြစ်သည်ဟု ဆိုရမည်ဖြစ်ကြောင်း၊ တပ်မတော်နေ့အခမ်းအနား မတိုင်မီကာလတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်က ဦးဆောင်ကျင်းပသည့် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အပိုင်း (၃)ပိုင်းဖြင့် ၂၆၃ မြို့နယ်တွင် ကျင်းပခဲ့ရာ မဲပေးခွင့်ရှိသည့် လူဦးရေ၏ ၅၄ ဒသမ ၂၂ ရာခိုင်နှုန်း မိမိဆန္ဒအလျောက် စည်းကမ်းစနစ်တကျဖြင့် လာရောက်ဆန္ဒမဲပေးခဲ့ကြသည်အထိ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ကြောင်း၊ ပြည်သူများကလည်း မိမိတို့၏ ရပ်ရွာ၊ မြို့နယ်၊ တိုင်းပြည်အကျိုးကို အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်မည်ဟု ယုံကြည်သည့် ပါတီနှင့်လူပုဂ္ဂိုလ်တို့ကို ယုံကြည်ချက်ဖြင့် ရွေးချယ်မဲပေးခဲ့ကြကြောင်း၊ ယခုအခါ ပြည်သူများက ရွေးချယ်ပေးခဲ့ကြသည့် ပြည်သူ့ ကိုယ်စားလှယ်များက ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့အသီးသီး၌ လုပ်ငန်းများ စတင်ဆောင်ရွက်နေကြပြီဖြစ်ပြီး မကြာမီရက်ပိုင်းအတွင်း သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ကာ ဒီမိုကရေစီအစိုးရသစ်တစ်ရပ် ပေါ်ထွန်းလာတော့မည်ဖြစ်ကြောင်း၊ အဆိုပါ ပေါ်ထွန်းလာမည့် ဒီမိုကရေစီအစိုးရအသစ်အား နိုင်ငံတော်တာဝန်ကို လွှဲပြောင်း ပေးအပ်သွားမည်ဖြစ်ကြောင်း။

အလားတူ တပ်မတော်အပိုင်းတွင်လည်း (၈၁)နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားပြီးဆုံးသည့် နောက်ပိုင်းတွင် ခေါင်းဆောင်ပိုင်း အပြောင်းအလဲများ ဖြစ်ပေါ် လာမည်ဖြစ်ကြောင်း၊ မည်သူ ဦးဆောင်သည်ဖြစ်စေ တပ်မတော်အနေဖြင့် တပ်မတော်၏ ခေါင်းဆောင်အစဉ်အဆက်၊ သင်ဆရာ၊ ကြားဆရာ၊ မြင်ဆရာများ၏ လမ်းညွှန်ချက်များအတိုင်း၊ စစ်ပညာရပ်များအတိုင်း၊ ချမှတ်ထားသည့် မူဝါဒလမ်းစဉ်များအတိုင်း ဆက်လက်လျှောက်လှမ်းကြမည် ဖြစ်ကြောင်း၊ တပ်မတော်၏ အဓိကတာဝန်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ဆက်လက်၍ တာဝန်ကျေပွန်စွာ ထမ်းဆောင်သွားမည်ဖြစ်ပြီး နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့်အညီလည်း လက်တွဲညီညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုအချိန်အထိ နိုင်ငံတော်ကို ဦးဆောင်နိုင်ခြင်းသည်၊ တပ်မတော်က နိုင်ငံတော် ကာကွယ်ရေး တာဝန်များကို ထမ်းဆောင်နိုင်ခြင်းသည် ခေတ်အဆက်ဆက် လွတ်လပ်ရေး မတိုင်မီ၊ လွတ်လပ်ရေးရပြီးနှင့် လက်ရှိကာလအထိ အဆင့်ဆင့်သော တပ်မတော်ခေါင်းဆောင်ကြီးများ၊ အမိအဖ၊ ဆရာသမားများ၏ သွန်သင်ဆုံးမမှုများ၊ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများ၏ အဆင့်ဆင့်လက်ဆင့်ကမ်းသွန်သင် ဆုံးမမှုများကြောင့် ရပ်တည်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း၊ ဆက်လက်၍လည်း မိမိတို့၏ တပ်မတော်ကို တပ်မတော်၏ အမိအဖများအားလုံးနှင့် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ အားလုံးတို့က ကောင်းမွန်သော လမ်းညွှန်ဆုံးမမှုများ ပြုပေးနိုင်ပါရန် တပ်မတော်သားများနှင့် မိသားစုဝင်များကိုယ်စား ပန်ကြားလိုပါကြောင်း၊ မည်သူ ဦးဆောင်သည်ဖြစ်စေ တပ်မတော်သာ အမိ၊ တပ်မတော်သာ အဖဖြစ်ပြီး အဆင့်ဆင့်သော ခေါင်းဆောင်မှုများနှင့် ချမှတ်ထားသော လမ်းညွှန်ချက်များကို တစ်သဝေမတိမ်း လိုက်နာပါက အဓိကတာဝန်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ပြီး ဒို့တာဝန် အရေးသုံးပါးကို ဆက်လက်စောင့်ထိန်း၍ နိုင်ငံတော်အစိုးရ၏ ချမှတ်ထားသည့် မူဝါဒဘောင်အတွင်းမှ တိုင်းပြည်၏တာဝန်ကို ကျေပွန်စွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး၊ တက်ရောက် လာကြသည့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများက တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများကိုယ်စား အငြိမ်းစားတပ်မတော်အရာရှိကြီးများအား မြန်မာ့ရိုးရာထုံးတမ်းအစဉ်အလာနှင့်အညီ ရိုသေစွာ ဂါရဝပြုကန်တော့ကြသည်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ဗိုလ်ချုပ်ကြီး သိန်းစိန်(အငြိမ်းစား)အား ဂါရဝပြုလက်ဆောင်ပစ္စည်းများ ဂါရဝပြုပေးအပ်စဉ်။

ယင်းနောက် ကန်တော့ခံ အငြိမ်းစား တပ်မတော်အရာရှိကြီးများကိုယ်စား ဗိုလ်ချုပ်ကြီး သိန်းစိန် (အငြိမ်းစား)က တပ်မတော်နေ့ ရောက်တိုင်း တပ်မတော်တွင် တာဝန်အသီးသီး ထမ်းဆောင် ခဲ့သူများအား ဖိတ်ကြား ကန်တော့ခြင်းသည် ကောင်းမွန်သည့် အစဉ်အလာတစ်ရပ်ဖြစ်ကြောင်း၊ တပ်မတော်ကြီးသည် ထာဝစဉ်နုပျိုနေရန် လိုအပ်ပြီး အရည်အချင်းပြည့်ဝသည့် တပ်မတော်၊ အင်အားပြည့်ဝသည့် တပ်မတော်၊ စွမ်းအင်ထက်မြက်သည့် တပ်မတော်ဖြစ်နေရန် လိုအပ်ကြောင်း၊ မကြာမီရက်ပိုင်းအတွင်း ဒီမိုကရေစီ အစိုးရတစ်ရပ် ပေါ်ထွက်လာမည်ဖြစ်ပြီး အဆိုပါအစိုးရသည် တိုင်းပြည်ကောင်းမွန်စေရန်၊ တရားဥပဒေစိုးမိုးရန်၊ ပြည်သူလူထု၏ စားဝတ်နေရေး အဆင်ပြေရန်နှင့် နိုင်ငံလူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ကြမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန် တိုင်းပြည် တည်ငြိမ်အေးချမ်းရန် လိုအပ်သည့်အတွက် တပ်မတော်၏အခန်းကဏ္ဍသည် လွန်စွာအရေးကြီးကြောင်း၊ ထို့ကြောင့် တပ်မတော်၏ အဓိက တာဝန်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရန် စွမ်းရည်ပြည့်စုံသည့် တပ်မတော်ဖြစ်အောင် ကြိုးပမ်း ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

**ဂါရဝပြုပေးအပ်**

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများက အငြိမ်းစားတပ်မတော် အရာရှိကြီးများနှင့် ဇနီးများထံ ဂါရဝပြုလက်ဆောင်ပစ္စည်းများကို ကိုယ်တိုင်ကိုယ်ကျ ရိုသေစွာ ဂါရဝပြု ပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် တပ်မတော် အရာရှိကြီးများသည် အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့် ဇနီးများနှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီးတို့သည် အခမ်းအနား တက်ရောက်လာကြသည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့် ဇနီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မွေးမြူရေးတိရစ္ဆာန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

မွေးမြူရေးတိရစ္ဆာန်များ ရာသီဥတုအပူချိန်ပြင်းထန်လွန်ကဲချိန်တွင် အပူဒဏ်ကြိုတင် ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန်အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်ကို အပူချိန်မြင့်သောအချိန်တွင် အရိပ်ရှိသောနေရာများ၌ ထားရှိရန်နှင့် အပူချိန်ပြင်းထန်မှုနည်းပါးသော နံနက်နှင့် ညနေမှသာ လွှတ်ကျောင်းခြင်းပြုရန်၊

(၂) မွေးမြူထားသော တိရစ္ဆာန်များအတွက် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းရန်နှင့် လေလွင့်ဆုံးရှုံးမှု မရှိအောင် ဆောင်ရွက်ထားရန်၊

(၃) ပူပြင်းသောဒဏ်ကို ကာကွယ်ရန်အတွက် ရေဓာတ်ပါသော အစာအစားများကို ဖြည့်စွက်ကျွေးမွေးရန်၊

(၄) တိရစ္ဆာန်များ ရွှေ့ပြောင်းရန်လိုအပ်ပါက သောက်သုံးရေရရှိနိုင်ပြီး အပူဒဏ်မှ ကာကွယ်နိုင်သောနေရာများစီစဉ်ထားရှိရန်၊

(၅) တိရစ္ဆာန်အစာများဖြစ်သည့် ကောက်ရိုး၊ မြက်စို၊ မြက်နုများ စနစ်တကျ ကြိုတင် စုဆောင်းထားရန်၊

(၆) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားကျရောက်စေခြင်းမရှိစေရန်အတွက် ကာကွယ်ဆေးများ ပုံမှန်ထိုးနှံထားရန်၊

(၇) တိရစ္ဆာန်မွေးမြူထားရှိသောခြံနှင့် အစာသိုလှောင်ထားသောနေရာများတွင် မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲနှင့် ရေပုံးများထားရှိရန်၊

(၈) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြားပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပ

## လွှတ်တော်အခွင့်အရေးကော်မတီနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှစ်ရပ်ဖွဲ့စည်းမှု အတည်ပြု


တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပစဉ်။

**နေပြည်တော် မတ် ၂၆**

တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေး စတုတ္ထနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယနေ့ အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ထံသို့ နိုင်ငံတကာမှ ပေးပို့လာသည့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာများကို မှတ်တမ်းတင်ခြင်းနှင့် လွှတ်တော် အခွင့်အရေးကော်မတီနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီနှစ်ရပ် ဖွဲ့စည်းမှုကို လွှတ်တော်၏အတည်ပြုချက်ရယူ အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေး စတုတ္ထနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၃၇၃ ဦးရှိသည့်အနက် ယနေ့ အစည်းအဝေးသို့ ၃၇၀ တက်ရောက်သဖြင့် တက်ရောက်မှု ရာခိုင်နှုန်း ၉၉ ဒသမ ၂၀ ရှိသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက် ရယူ၍ အတည်ပြု မှတ်တမ်းတင်သည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ ကွန်ဂရက်ဥက္ကဋ္ဌ၊ ဘယ်လာရုစ် သမ္မတနိုင်ငံ Belaya Rus ပါတီဥက္ကဋ္ဌ၊ ရုရှားဖက်ဒရေးရှင်း နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ၊ တရုတ်ပြည်သူ့ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံတကာရေးရာ ဌာန ဝန်ကြီးနှင့် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေးအသင်း ဒုတိယ ဥက္ကဋ္ဌတို့က ပေးပို့လာသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာများကို လွှတ်တော်သို့ အသိပေးတင်ပြပြီး မှတ်တမ်းတင်သည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော် အခွင့်အရေးကော်မတီ ဖွဲ့စည်းမှုနှင့် ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီ အစည်းအဝေးတို့နှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်များကို လွှတ်တော်၏ အတည်ပြုချက် ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် လွှတ်တော် အခွင့်အရေးကော်မတီ ဥက္ကဋ္ဌအဖြစ် တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်မောင်အုန်း၊ အတွင်းရေးမှူးအဖြစ် ထားဝယ်မဲဆန္ဒနယ်မှ ဒေါက်တာ ကျော်ကျော်ဌေး အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် တာဝန်ပေးအပ် ဖွဲ့စည်းကြောင်းနှင့် လွှတ်တော်အခွင့်အရေး ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီ အစည်းအဝေးတို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီ အစည်းအဝေးတို့နှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်များကို လွှတ်တော်၏ အတည်ပြုချက် ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌအဖြစ် ကျိုင်းတုံ မဲဆန္ဒနယ်မှ ဦးသန်းထွန်းဦး၊ အတွင်းရေးမှူးအဖြစ် ပုသိမ်မဲဆန္ဒနယ်မှ ဦးသန်းထွန်း အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် တာဝန်ပေးအပ် ဖွဲ့စည်းကြောင်းနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီ အစည်းအဝေးတို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ ဖွဲ့စည်းပြီးဖြစ်၍ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီ၏ လုပ်ငန်းတာဝန်များကို လွှတ်တော်အခွင့်အရေး ကော်မတီကဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြသည်။

ထို့နောက် တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ပဉ္စမနေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို အသိပေး ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**


တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့သို့ တက်ရောက်လာကြသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကိုတွေ့ရစဉ်။

### ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်များစာရင်း

| စဉ် | မဲဆန္ဒနယ် | အမည် | တာဝန် |
|---|---|---|---|
| ၁။ | တပ်ကုန်းမဲဆန္ဒနယ် | ဦးမောင်မောင်အုန်း | ဥက္ကဋ္ဌ |
| ၂။ | တောင်ငူမဲဆန္ဒနယ် | ဒေါက်တာ ကျော်ဦး | အဖွဲ့ဝင် |
| ၃။ | ပုဗ္ဗသီရိမဲဆန္ဒနယ် | ဦးလှဆွေ | အဖွဲ့ဝင် |
| ၄။ | မူဆယ်မဲဆန္ဒနယ် | ဦးအောင်ဇော်မိုး(ခ) ဦးအောင်ဇော်မိုးထွန်း | အဖွဲ့ဝင် |
| ၅။ | ကော့မှူးမဲဆန္ဒနယ် | ဦးအောင်မျိုးသန်း | အဖွဲ့ဝင် |
| ၆။ | ဒိုက်ဦးမဲဆန္ဒနယ် | ဒေါ်သိင်္ဂီမြင့်ရည် | အဖွဲ့ဝင် |
| ၇။ | ဖျာပုံမဲဆန္ဒနယ် | ဒေါ်စိုးစိုးရီ | အဖွဲ့ဝင် |
| ၈။ | မင်းတုန်းမဲဆန္ဒနယ် | ဦးစိုးနိုင် | အဖွဲ့ဝင် |
| ၉။ | ဖာပွန်မဲဆန္ဒနယ် | ဦးစောဝင်းထိန် | အဖွဲ့ဝင် |
| ၁၀။ | ဝါးခယ်မမဲဆန္ဒနယ် | ဦးသန်းနိုင် | အဖွဲ့ဝင် |
| ၁၁။ | မြို့သစ်မဲဆန္ဒနယ် | ဦးစိုးဝင်း | အဖွဲ့ဝင် |
| ၁၂။ | ခန္တီးမဲဆန္ဒနယ် | ဦးဂုဏ်ဝမ်း | အဖွဲ့ဝင် |
| ၁၃။ | တပ်မတော်သားကိုယ်စားလှယ် | ဗိုလ်ချုပ် ရဲကျော်သူ | အဖွဲ့ဝင် |
| ၁၄။ | တပ်မတော်သားကိုယ်စားလှယ် | ဒုတိယဗိုလ်မှူးကြီး တင်သောင်းလင်း | အဖွဲ့ဝင် |
| ၁၅။ | ထားဝယ်မဲဆန္ဒနယ် | ဒေါက်တာ ကျော်ကျော်ဌေး | အတွင်းရေးမှူး |

### ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ အဖွဲ့ဝင်များစာရင်း

| စဉ် | မဲဆန္ဒနယ် | အမည် | တာဝန် |
|---|---|---|---|
| ၁။ | ကျိုင်းတုံ မဲဆန္ဒနယ် | ဦးသန်းထွန်းဦး | ဥက္ကဋ္ဌ |
| ၂။ | ပဲခူး မဲဆန္ဒနယ် | ဦးမင်းခန့်ကျော် | အဖွဲ့ဝင် |
| ၃။ | ဖောင်းပြင် မဲဆန္ဒနယ် | ဦးခင်မောင်ထွန်း | အဖွဲ့ဝင် |
| ၄။ | ဘုတ်ပြင်း မဲဆန္ဒနယ် | ဦးအောင်လင်းလှိုင် | အဖွဲ့ဝင် |
| ၅။ | ကျွန်းစု မဲဆန္ဒနယ် | ဦးအောင်ကျော်နှင်း | အဖွဲ့ဝင် |
| ၆။ | ကလော မဲဆန္ဒနယ် | ဒေါက်တာ နန္ဒာလှမြင့် | အဖွဲ့ဝင် |
| ၇။ | တမူး မဲဆန္ဒနယ် | ဦးအောင်ကိုလတ် | အဖွဲ့ဝင် |
| ၈။ | တောင်သာ မဲဆန္ဒနယ် | ဦးတိုးဝင်း | အဖွဲ့ဝင် |
| ၉။ | ပေါင်းတည် မဲဆန္ဒနယ် | ဒေါ်ဆွေဆွေသင်း | အဖွဲ့ဝင် |
| ၁၀။ | ဗိုလ်တထောင် မဲဆန္ဒနယ် | ဦးဉာဏ်ဝင်းထိုက် | အဖွဲ့ဝင် |
| ၁၁။ | ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ် | ဒေါ်စမ်းစမ်းဌေး | အဖွဲ့ဝင် |
| ၁၂။ | ကျောင်းကုန်း မဲဆန္ဒနယ် | ဒေါက်တာ ထိန်ဝင်း | အဖွဲ့ဝင် |
| ၁၃။ | တပ်မတော်သားကိုယ်စားလှယ် | ဗိုလ်မှူးချုပ် အောင်စိုး | အဖွဲ့ဝင် |
| ၁၄။ | တပ်မတော်သားကိုယ်စားလှယ် | ဒုတိယဗိုလ်မှူးကြီး လှနိုင် | အဖွဲ့ဝင် |
| ၁၅။ | ပုသိမ် မဲဆန္ဒနယ် | ဦးသန်းထွန်း | အတွင်းရေးမှူး |

# တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပ

**နေပြည်တော် မတ် ၂၆**

တတိယအကြိမ် အမျိုးသား လွှတ်တော် ပထမပုံမှန်အစည်း အဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်း အဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသား လွှတ်တော်ဥက္ကဋ္ဌဦးအောင်လင်းဒွေး က တတိယအကြိမ် အမျိုးသား လွှတ်တော် ပထမပုံမှန်အစည်း အဝေးတတိယနေ့သို့ တက်ရောက် ခွင့်ရှိသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၁၃ ဦးစလုံး တက်ရောက်သည့် အတွက် ရာခိုင်နှုန်းပြည့်ဖြစ်သဖြင့် အစည်းအဝေး အထမြောက် ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက် ရယူ၍ မှတ်တမ်းတင်သည်။




တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပစဉ်။



တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့သို့ တက်ရောက်လာကြသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို တွေ့ရစဉ်။

ထို့နောက် အမျိုးသား လွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်း ကော်မတီတွင် ကော်မတီဥက္ကဋ္ဌ အဖြစ် ရောဝတီတိုင်းဒေသကြီး (မဲအများဆုံးရသူ အနိုင်ယူစနစ်) မဲဆန္ဒနယ် အမှတ်(၂)မှ ဒေါ်နွယ်နွယ်ဦး၊ အတွင်းရေးမှူး အဖြစ် ပဲခူးတိုင်းဒေသကြီး (အချိုးကျ ကိုယ်စားပြုစနစ်) မဲဆန္ဒနယ် အမှတ်(၁)မှ ဦးဇင်မင်းထက်အပါအဝင် အဖွဲ့ဝင် ၁၅ ဦး၏ အမည်စာရင်း၊ ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသား လွှတ်တော်၏ အတည်ပြုချက်ရယူ ရာ လွှတ်တော်ကသဘောတူသဖြင့် ဥပဒေကြမ်းကော်မတီ ဖွဲ့စည်းခြင်း နှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင် ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်က အတည် ပြုကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသား လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့ငွေ စာရင်းကော်မတီတွင် ကော်မတီ ဥက္ကဋ္ဌအဖြစ် ရောဝတီတိုင်းဒေသ ကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၂)မှ ဦးချစ်ဆွေ၊ အတွင်းရေးမှူးအဖြစ် တနင်္သာရီ တိုင်းဒေသကြီး (မဲအများဆုံးရသူ အနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၂)မှ ဦးသန်းအောင် အပါအဝင် အဖွဲ့ဝင် ၁၅ ဦး၏ အမည်စာရင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်၏ အတည် ပြုချက်ရယူရာ လွှတ်တော်က သဘောတူသဖြင့် ပြည်သူ့ငွေ စာရင်းကော်မတီ ဖွဲ့စည်းခြင်းနှင့် ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်က အတည် ပြုကြောင်း ကြေညာသည်။

**အတည်ပြု**

ဆက်လက်၍ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော် အခွင့်အရေး ကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် ကချင် ပြည်နယ် (မဲအများဆုံးရသူ အနိုင်ယူစနစ်) မဲဆန္ဒနယ် အမှတ် (၂)မှ Jeng Phang နော်တောင်၊ အတွင်းရေးမှူးအဖြစ် ရောဝတီ တိုင်းဒေသကြီး (အချိုးကျ ကိုယ်စားပြုစနစ်) မဲဆန္ဒနယ် အမှတ်(၁)မှ ဦးအောင်တင်မြင့် အပါအဝင် အဖွဲ့ဝင် ၁၅ ဦး၏ အမည်စာရင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသား လွှတ်တော်၏ အတည်ပြုချက် ရယူရာ လွှတ်တော်က သဘောတူ သဖြင့် လွှတ်တော်အခွင့်အရေး ကော်မတီဖွဲ့စည်းခြင်းနှင့် ကော်မတီ ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် နှင့် သက်တမ်းတို့ကို အမျိုးသား လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက်အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အစိုးရ၏အာမခံချက် များ၊ ကတိများနှင့် တာဝန်ခံချက် များ စိစစ်ရေးကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် ပဲခူးတိုင်း ဒေသကြီး (အချိုးကျကိုယ်စားပြု စနစ်) မဲဆန္ဒနယ် အမှတ်(၂)မှ ဦးလှသိန်း၊ အတွင်းရေးမှူးအဖြစ် ရန်ကုန်တိုင်းဒေသကြီး (အချိုးကျ ကိုယ်စားပြုစနစ်) မဲဆန္ဒနယ် အမှတ်(၂)မှ ဦးရန်နိုင်ဦး အပါအဝင် အဖွဲ့ဝင် ၁၅ ဦး၏ အမည်စာရင်း၊ ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်၏ အတည် ပြုချက်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ ဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်က အတည် ပြုကြောင်း ကြေညာသည်။

**ကြိုတင်အသိပေး ကြေညာသွားမည်**

ယင်းနောက် တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး တတိယနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး စတုတ္ထနေ့ကျင်းပမည့်နေ့ရက်နှင့် အချိန်ကို ကြိုတင်အသိပေး ကြေညာသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ**

| စဉ် | အမည် | မဲဆန္ဒနယ် | တာဝန် |
|---|---|---|---|
| ၁။ | ဒေါ်နွယ်နွယ်ဦး | ရောဝတီတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၂) | **ဥက္ကဋ္ဌ** |
| ၂။ | ဦးလှသိန်း | ပဲခူးတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| ၃။ | ဦးရှားရယ် | ကယားပြည်နယ် (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၄။ | ဦးသန်းထွန်း | ရခိုင်ပြည်နယ် (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၃) | အဖွဲ့ဝင် |
| ၅။ | ဒေါ်ဇင်ပပဦး | ရောဝတီတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| ၆။ | ဦးခိုင်ဝင်းအောင် | ရောဝတီတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၃) | အဖွဲ့ဝင် |
| ၇။ | ဦးဟိန်းမင်းဦး | မန္တလေးတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၃) | အဖွဲ့ဝင် |
| ၈။ | ဦးမိုးမြင့် | တနင်္သာရီတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၅) | အဖွဲ့ဝင် |
| ၉။ | ဦးအေးပိုင် | ရန်ကုန်တိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၆) | အဖွဲ့ဝင် |
| ၁၀။ | ဒေါ်ကျိန်ငိုက်မန် | ချင်းပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၁၁။ | ဦးစိုးကြည် | တနင်္သာရီတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၁၂။ | ဗိုလ်မှူးချုပ်မြင့်သောင်း | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၁၃။ | ဗိုလ်မှူးကြီးလှိုင်ဝင်း | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၁၄။ | ဗိုလ်ကြီးဒေါ်ဖြိုးဖြိုးဝေ | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၁၅။ | ဦးဇင်မင်းထက် | ပဲခူးတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁) | **အတွင်းရေးမှူး** |

စာမျက်နှာ ၈ သို့ ☆

☆ စာမျက်နှာ ၇ မှ

### အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ

| စဉ် | အမည် | မဲဆန္ဒနယ် | တာဝန် |
|---|---|---|---|
| ၁။ | ဦးချစ်ဆွေ | ဧရာဝတီတိုင်းဒေသကြီး<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၂) | **ဥက္ကဋ္ဌ** |
| ၂။ | ဒေါ်သိင်္ဂီဝင်းရွှေ | စစ်ကိုင်းတိုင်းဒေသကြီး<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| ၃။ | ဒေါ်မီမီကျော်ထွန်း | ကချင်ပြည်နယ်<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ် (၄) | အဖွဲ့ဝင် |
| ၄။ | ဦးချစ်ဝေ | ကရင်ပြည်နယ်<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၅။ | ဦးဗိုလ်သိန်းနိုင် | မန္တလေးတိုင်းဒေသကြီး<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| ၆။ | ဒေါ်အေးချမ်းမုံ | မွန်ပြည်နယ်<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ် (၆) | အဖွဲ့ဝင် |
| ၇။ | ဦးကျော်ကျော်လင်း(ခ)<br>ဦးထိန်လင်း | မွန်ပြည်နယ်<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| ၈။ | ဒေါ်ထားထားနု | ပဲခူးတိုင်းဒေသကြီး<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ် (၃) | အဖွဲ့ဝင် |
| ၉။ | ဦးအောင်ကျော်မင်း | ဧရာဝတီတိုင်းဒေသကြီး<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ် (၄) | အဖွဲ့ဝင် |
| ၁၀။ | ဦးဇော်ဇော်မြင့် | ရခိုင်ပြည်နယ်<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| ၁၁။ | ဒေါ်စိုးစိုးမြင့် | မွန်ပြည်နယ်<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၁၂။ | ခွန်ဝင်းဦး | ကရင်ပြည်နယ်<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၁၃။ | ဗိုလ်မှူးချုပ်ဝင်းကိုကို | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၁၄။ | ဗိုလ်မှူးကြီးဖြိုးမင်းဝင်း | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၁၅။ | ဦးသန်းအောင် | တနင်္သာရီတိုင်းဒေသကြီး<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ် (၂) | **အတွင်းရေးမှူး** |

### အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ

| စဉ် | အမည် | မဲဆန္ဒနယ် | တာဝန် |
|---|---|---|---|
| ၁။ | Jeng Phang နော်တောင် | ကချင်ပြည်နယ်<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ် (၂) | **ဥက္ကဋ္ဌ** |
| ၂။ | ဒေါက်တာကျော်ထွန်း | ရှမ်းပြည်နယ်<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ် (၆) | အဖွဲ့ဝင် |
| ၃။ | ဦးရဲမြင့်ထွန်း | ပဲခူးတိုင်းဒေသကြီး<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ် (၄) | အဖွဲ့ဝင် |
| ၄။ | ဦးတင့်ဇော် | ရန်ကုန်တိုင်းဒေသကြီး<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၃) | အဖွဲ့ဝင် |
| ၅။ | ဦးခင်ဇော်ထွန်း | ကရင်ပြည်နယ်<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ် (၆) | အဖွဲ့ဝင် |
| ၆။ | ဒေါ်နီနီမာ | ပဲခူးတိုင်းဒေသကြီး<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| ၇။ | ဦးကျော်တင် | မန္တလေးတိုင်းဒေသကြီး<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၈။ | ဦးသိန်းဇော် | ပဲခူးတိုင်းဒေသကြီး<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၉။ | ဦးအောင်မင်းနိုင် | ချင်းပြည်နယ်<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၁၀။ | ဦးခင်မောင်ဌေး | မကွေးတိုင်းဒေသကြီး<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၁၁။ | ဒေါ်မြမြသက် | ရခိုင်ပြည်နယ်<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၁၂။ | စိုင်းဝင်းခိုင် | ရှမ်းပြည်နယ်<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| ၁၃။ | ဗိုလ်ချုပ်ကျော်သူရအေး | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၁၄။ | ဗိုလ်မှူးကြီးစိုးရွှေ | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၁၅။ | ဦးအောင်တင်မြင့် | ဧရာဝတီတိုင်းဒေသကြီး<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၁) | **အတွင်းရေးမှူး** |

### အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ

| စဉ် | အမည် | မဲဆန္ဒနယ် | တာဝန် |
|---|---|---|---|
| ၁။ | ဦးလှသိန်း | ပဲခူးတိုင်းဒေသကြီး<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၂) | **ဥက္ကဋ္ဌ** |
| ၂။ | ဒေါ်ခင်ရွှေမြင့် (ခ)<br>ဒေါ်နှောင်းထွေး | ပဲခူးတိုင်းဒေသကြီး<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ် (၅) | အဖွဲ့ဝင် |
| ၃။ | ဦးအောင်စိုး | ပဲခူးတိုင်းဒေသကြီး<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၄။ | ဒေါ်ကျော့ယဉ်ဝင်း | စစ်ကိုင်းတိုင်းဒေသကြီး<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ် (၃) | အဖွဲ့ဝင် |
| ၅။ | ဦးကျော်စိန်လှ | ရခိုင်ပြည်နယ်<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၆။ | ဒေါ်ယဉ်မင်းထိုက် | မွန်ပြည်နယ်<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၇။ | ဦးဖြိုးဝေလင်း | ပဲခူးတိုင်းဒေသကြီး<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| ၈။ | ဦးခင်မောင်တင့် | ရန်ကုန်တိုင်းဒေသကြီး<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ် (၃) | အဖွဲ့ဝင် |
| ၉။ | ဦးအောင်သီဟ | ရန်ကုန်တိုင်းဒေသကြီး<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ် (၅) | အဖွဲ့ဝင် |
| ၁၀။ | ဦးခင်မောင်သန်း | မကွေးတိုင်းဒေသကြီး<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ် (၆) | အဖွဲ့ဝင် |
| ၁၁။ | ဦးဇော်မင်းထူး | ကယားပြည်နယ်<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၁၂။ | စောမြတ်ထွဋ်ဝင်း (ခ)<br>ကိုဆွိ | ကရင်ပြည်နယ်<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၁၃။ | ဗိုလ်မှူးချုပ်အောင်အောင် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၁၄။ | ဒုတိယဗိုလ်မှူးကြီး<br>ဝင်းမြင့်ထွန်း | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၁၅။ | ဦးရန်နိုင်ဦး | ရန်ကုန်တိုင်းဒေသကြီး<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၂) | **အတွင်းရေးမှူး** |

# (၈၁) နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ခဲ့သည့် အနုပညာရှင်များနှင့် ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူဆုရရှိသူ စာပေပညာရှင်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ချီးမြှင့်

နေပြည်တော် မတ် ၂၆

(၈၁) နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်းဖြစ်သည့် "တိမ်ပင်လယ်ခရီးကြမ်း" ဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ခဲ့ကြသည့် အနုပညာရှင်များနှင့် ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူဆုရရှိသူ စာပေပညာရှင်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ ကျင်းပရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းက ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက် စိတ်ဓာတ်ရေးရာနှင့် လူထုဆက်ဆံရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဟိန်းက "တိမ်ပင်လယ်ခရီးကြမ်း" ဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ခဲ့ကြသည့် နက္ခတ်၊ ထူးခန့်ကျော်၊ နေနော်၊ မြယာ၊ အောင်ကျော်ထွန်း၊ စိုးသီဟ၊ နက်ရှိုင်းကို၊ နေလင်းရှိန်၊ ပိုင်အုပ်စိုးအောင်၊ ခိုင်ဇော်နှင့် ဉာဏ၊ ဇာတ်လမ်း/ဇာတ်ညွှန်း လင်းထင်မောင်မောင်၊ တွဲဖက်ဒါရိုက်တာ လေးနိုင်မိုး၊ စီစဉ်ကြီးကြပ်သူ အောင်ကျော်ဦး၊ Production Team သူရကိုကို၊ Stunt Team မိုးစက်၊ ဂီတမှူး ဗညားရဲရင့်နှင့် ဒါရိုက်တာ အကယ်ဒမီတင်အောင်စိုး (ပန်းမြို့တော်)



တို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

ယင်းနောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်ချုပ် ပြည့်စုံလင်းက (၈၁)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူပြိုင်ပွဲများတွင် စစ်ချီသီချင်းပြိုင်ပွဲ၌ ပထမဆုရရှိသူ အောင်ဇော်ဦး(ရဲတီးဝိုင်း)၊ ဒုတိယဆုရရှိသူ မိုးမြင့်ဦး(လုပ်သား-ရုပ)၊ တတိယဆုရရှိသူ ခန့်ငြား(ကေတုမတီ)၊ စတုတ္ထဆုရရှိသူ ဇော်မျိုးထွန်း (အုပ်ခွဲတပ်ကြပ်ကြီး)၊ ပဉ္စမဆုရရှိသူ ဗိုလ်ထိန် (မီးသတ်)၊ စစ်သည်တေးသီချင်းပြိုင်ပွဲ၌ ပထဆုရရှိသူ စုစုဇော်(သီရိခေတ္တရာ)၊ ဒုတိယဆုရရှိသူ ခင်ငြိမ်းချမ်းစိုး (သဇင် FM)၊ တတိယဆုရရှိသူ ကျော်ဆွေအောင်၊ စတုတ္ထဆုရရှိသူ ကေသီအောင်၊ ပဉ္စမဆုရရှိသူ လှိုင်ဝင်းထွန်း၊ ကဗျာ(ဝါသနာရှင်)ပြိုင်ပွဲ၌ ပထမဆုရရှိသူ ထွန်းထွန်း(လားရှိုး)၊ ဒုတိယဆုရရှိသူ မြတ်မင်းသန့်၊ တတိယဆုရရှိသူ ရဲကျော်၊ စတုတ္ထဆုရရှိသူ ကြေးမုံဖြိုးသန့်(ရွှေရတု)၊ ပဉ္စမဆုရရှိသူ ထာဝရမွန်(ဂုဏ်ထူးတန်း) တို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို လည်းကောင်း၊

တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကြည်သိုက်က (၈၁)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုစာမူပြိုင်ပွဲတွင် ကဗျာ(အလွတ်တန်း)၌ ပထမဆုရရှိသူ ရဲမင်းစိုး၊ ဒုတိယဆုရရှိသူ မြတ်ထွဏ်းနောင်၊ တတိယဆုရရှိသူ မျိုးစစ်သည်၊ စတုတ္ထဆုရရှိသူ ဘုန်းမောင်ဝင်း(ဖျာပုံ)၊ ဝတ္ထုတို(ဝါသနာရှင်)၌ ပထမဆုရရှိသူ မနောဖြူ၊ ဒုတိယဆုရရှိသူ မနောသစ်(ပခုက္ကူ)၊ တတိယဆုရရှိသူ ရဲမွန်ကျော်၊ စတုတ္ထဆုရရှိသူ မောင်အေးချမ်း(ခနုဖြူ)၊ ပဉ္စမဆုရရှိသူ ကိုစော(ပထဝီဝင်)၊ ဝတ္ထုတို(အလွတ်တန်း)၌ ပထမဆုရရှိသူ ကျော်တေဇ (ဥက္ကလာ)၊ ဒုတိယဆုရရှိသူ မုန်းမောင်မောင်၊ တတိယဆုရရှိသူ နွေးထက်လှိုင်၊ စတုတ္ထဆု ရရှိသူ မင်းလပြည့်(ဟားခါး)၊ ပဉ္စမဆုရရှိသူ မောင်မောင်လွင်(ရွှေဘိုသား)တို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို လည်းကောင်း၊

စာမူပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ် ရဲရင့်အောင်က (၈၁) နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုစာမူပြိုင်ပွဲတွင် ဝတ္ထုရှည်(ဝါသနာရှင်)၌ ပထမဆုရရှိသူ အမောင်၊ ဒုတိယဆုရရှိသူ ရှားမိန်း၊ တတိယဆုရရှိသူ ကျော်စိုး (ဒိုက်ဦး)၊ စတုတ္ထဆုရရှိသူ ဟန်ညွန့်(ယဉ်ကျေးမှု)၊ ပဉ္စမဆုရရှိသူ တင်ဦး(ရန်ကင်း)၊ ဝတ္ထုရှည်(အလွတ်တန်း)၌ ပထမဆုရရှိသူ ပိုင်ဇင်ဇော်(သတ္တု)၊ ဒုတိယဆုရရှိသူ ခန့်ပိုင်၊ တတိယဆုရရှိသူ ဘုန်းရဲနိုင် (ဂန့်ဂေါ)၊ စတုတ္ထဆုရရှိသူ မောင်စူးရှ(အနောက်ရိုးမ)၊ ပဉ္စမဆုရရှိသူ ရဲခေါင်တို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းက တက်ရောက်လာကြသူများအား လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး အဖွဲ့ဝင်များနှင့်အတူ ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သန်လျင်မြို့နယ်နှင့် ဒလမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် မတ် ၂၆

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန် အတွက် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ဝင်းခနီးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့်ဒေသခံပြည်သူများအား အဆိုပါကျေးရွာရှိ



မနောမယကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်လေးပါးနှင့် ဒေသခံပြည်သူ ၁၁၈ ဦးအား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ခနုတ်စံပြကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား အဆိုပါရပ်ကွက်ရှိ သာသနာ့ဗိမာန်ဓမ္မာရုံ၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၅၃ ဦးအား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

**ညှိနှိုင်းဆောင်ရွက်**

ယင်းသို့ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ စီးကရက်စက်ရုံ၌ မတ် ၂၆ ရက် နံနက်ပိုင်းက ပခုက္ကူခရိုင်မီးသတ်ဦးစီးမှူး ဦးသိန်းဇော်ဝင်း ဦးဆောင်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ သန္နေမီးသတ်တပ်ဖွဲ့ဝင်များက မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံးများ စနစ်တကျထားရှိရေး၊ မီးသတ်ဆေးဘူးများ စနစ်တကျကိုင်တွယ်အသုံးပြုတတ်စေရေး အသိပညာပေးဟောပြော၍ စက်ရုံရှိ တာဝန်ရှိသူများနှင့် အလုပ်သမားများအား မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြလေ့ကျင့်စဉ်။

ဘာမိသာ(ပခုက္ကူ)

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးထိန်လင်း၏လမ်းညွှန်မှုဖြင့် ရန်ကင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံးတွင် မတ် ၂၆ ရက် မွန်းလွဲပိုင်းက မီးဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေးဆွေးနွေးခြင်းနှင့် မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြလေ့ကျင့်စဉ်။

လှလှထွေး(ပြန်/ဆက်)





မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်တွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမင်းသန့် ဦးဆောင်သည့် တပ်ဖွဲ့ဝင်များ မတ် ၂၆ ရက် နံနက်ပိုင်းက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနရုံးချုပ်ရှိ စန္ဒကူးခန်းမ၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်စဉ်။

ဇာနည်ကိုကို (ပြန်/ဆက်)

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဇနီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ (၅၅)နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲသို့ တက်ရောက်




ရန်ကုန် မတ် ၂၆

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ (၅၅)နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် အမျိုးသားနေ့ အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားကို ယနေ့ည ၇ နာရီတွင် ရန်ကုန်မြို့ Lotte Hotel ၌ ကျင်းပရာ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့်ဇနီးတို့ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံအမတ်ကြီး H.E. Dr. Md. Monwar Hossain နှင့်ဇနီးနှင့် သံရုံးမှ တာဝန်ရှိသူများက ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့်ဇနီးနှင့် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဖိတ်ကြားထားသော အထူးညှော်သည်တော်များအား ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သီချင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို ဖွင့်လှစ်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံအမတ်ကြီး H.E. Dr. Md. Monwar Hossain က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ သံအမတ်ကြီးနှင့် ဇနီးတို့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ (၅၅)နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် အမျိုးသားနေ့ အထိမ်းအမှတ် ကိတ်မုန့်လှီးကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ အခမ်းအနားသို့ တက်ရောက်လာသော ညှော်သည်တော်များအား သံအမတ်ကြီးနှင့် ဇနီးတို့က ညစာစားပွဲဖြင့် တည်ခင်းညှော်ခံသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဇနီး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်နှင့် ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ရန်ကုန်မြို့အခြေစိုက် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ညှော်သည်တော်များ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

# ကျေးသီးမြို့ရှိ (၁၆)ခုတင်ဆံ့တိုင်းရင်းဆေးရုံဖွင့်ပွဲ ကျင်းပ



ကျေးသီး မတ် ၂၆

(၈၁) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျေးသီးမြို့ (၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါ (၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံရှေ့၌ ကျင်းပသည်။

ဦးစွာ ဖွင့်ပွဲအခမ်းအနားကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီးဦးမင်းမင်းလွင်က အမှာစကားပြောကြားသည်။ ထို့နောက်ရှမ်းပြည်နယ် တိုင်းရင်းဆေးပညာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါ်ကြည်ကြည်မြင့်က (၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြပြီး မြို့မိမြို့ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီးနှင့်တာဝန်ရှိသူများက ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ ရှမ်းပြည်နယ်လူမှုရေးရာဝန်ကြီးနှင့်အဖွဲ့သည်ဆေးရုံအတွင်းရှိလူနာများအား စားသောက်ဖွယ်ရာများ ပေးအပ်၍ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# လပွတ္တာမြို့နယ် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

လပွတ္တာ မတ် ၂၆

ဧရာဝတီ တိုင်းဒေသကြီး လပွတ္တာမြို့နယ် (၃)မိုင်မြို့ (၁) ရပ်ကွက် စိန်ပန်းပြာလမ်းရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်း ဆောက်လုပ်ရေးသင်တန်းအမှတ်စဉ်(၁၃)၊ လျှပ်စစ်သင်တန်းအမှတ်စဉ်(၂၀)၊ ဂဟေသင်တန်းအမှတ်စဉ်(၂၀)၊ မော်တော်ယာဉ်စက်ပြင်သင်တန်း အမှတ်စဉ်(၁၅)နှင့် လက်ကိုင်ဖုန်းပြင်သင်တန်း အမှတ်စဉ်(၁၇) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ကျင်းပ



သည်။

ပြောကြား

အဆိုပါ အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးအုံးမြင့်က အမှာစကား ပြောကြားခြင်း၊ သင်တန်းတွင် ထူးချွန်ဆုရရှိသော သင်တန်းသားများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခြင်းနှင့် သင်တန်း ဆင်းအောင်လက်မှတ်များကို လပွတ္တာခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလွင်ကိုဦးက ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# မိတ္ထီလာမြို့၌ (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြု၊ စုပေါင်းသွေးလှူဒါန်း

မိတ္ထီလာ မတ် ၂၆

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့၌ (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိတ္ထီလာခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၏ စုပေါင်းသွေးလှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၃ နာရီက မိတ္ထီလာမြို့အထွေထွေရောဂါကုဆေးရုံ သွေးလှူဌာန၌ ကျင်းပသည်။

အဆိုပါစုပေါင်းသွေးလှူဒါန်းပွဲတွင် မိတ္ထီလာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ ၊ မိတ္ထီလာမြို့နယ် ၊ သာစည်မြို့နယ်နှင့် ဝမ်းတွင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ ဝန်ထမ်းများက စုပေါင်းသွေးလှူဒါန်းကြရာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး သွေးလှူဒါန်းသည့် ဝန်ထမ်းများအား အာဟာရဖြည့်စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)



(၈၁)နှစ်မြောက် တပ်မတော်နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် အင်းစိန်မြို့နယ် ရွာမအရှေ့ရပ်ကွက် အင်းစိန်မြို့နယ် ပြည်သူ့ဆေးရုံကြီးရှိ သွေးလှူဌာန၌ မတ် ၂၆ ရက် နံနက်ပိုင်းက အင်းစိန်ခရိုင်နှင့် အင်းစိန်မြို့နယ်၊ လှိုင်သာယာ(အရှေ့ပိုင်း)၊ ( အနောက်ပိုင်း) မြို့နယ်များမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးပရဟိတအသင်းဝင်များ စုစုပေါင်း ၃၇ ဦးတို့ စုပေါင်းသွေးလှူဒါန်းရာ အင်းစိန်ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းဇော်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများက သွေးလှူဒါန်းသူများအား အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

မြင့်ဦး



သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို
တတ်နိုင်သမျှ လျှော့စားစို့

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အဖွဲ့ဝင် ရှစ်ဦးနှင့် AA အဖွဲ့ဝင် ၁၀ ဦးတို့ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်

နေပြည်တော် မတ် ၂၆

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင် လျက်ရှိသည့် အဖွဲ့အစည်းများ အတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက်ရန်ဖိတ်ခေါ်၍ ပြန်လည် ဝင်ရောက် လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက် ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘော ပေါက်လာသည့် PDF အဖွဲ့ဝင် အမျိုးသားရှစ်ဦး၊ AA အဖွဲ့ဝင် အမျိုးသား ၁၀ ဦး၊ စုစုပေါင်း ၁၈ ဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင် အတွင်းသို့ ဝင်ရောက်လာကြပြီး တာဝန်ရှိသူများက ကြိုဆိုလက်ခံ ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည် လွှဲပြောင်းအပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် အနောက် တောင်တိုင်းစစ်ဌာနချုပ် ရောဝတီ ခန်းမ၌ ကျင်းပပြုလုပ်သည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြ သည့် ရောဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့မှ တစ်ဦး၊ အင်္ဂပူ မြို့နယ်မှ တစ်ဦး၊ ရေကြည်မြို့နယ် မှ တစ်ဦး၊ ရွှေသောင်ယံမြို့နယ်မှ တစ်ဦး၊ ဟိုင်းကြီးကျွန်းမြို့နယ်မှ တစ်ဦး၊ လေးမျက်နှာမြို့နယ်မှ တစ်ဦး၊ ကြံခင်းမြို့နယ်မှ တစ်ဦး၊ မကွေးတိုင်းဒေသကြီး ပေါက်မြို့ နယ်မှ တစ်ဦး၊ ရခိုင်ပြည်နယ် သံတွဲမြို့နယ်မှ နှစ်ဦး၊ မြေပုံမြို့ နယ်မှ တစ်ဦး၊ မြောက်ဦးမြို့နယ်မှ နှစ်ဦး၊ ရမ်းဗြဲမြို့နယ်မှ တစ်ဦး၊ ဂွမြို့နယ်မှ နှစ်ဦး၊ ပုဏ္ဏားကျွန်းမြို့ နယ်မှ တစ်ဦးနှင့် မောင်တောမြို့ နယ်မှ တစ်ဦးတို့အား တာဝန်ရှိသူ များက ကြိုဆိုလက်ခံ၍ မိဘ အုပ်ထိန်းသူများထံ ပြန်လည် လွှဲပြောင်းအပ်နှံပွဲကို ပြုလုပ်ရာ ရောဝတီတိုင်းဒေသကြီး ဝန်ကြီး ချုပ် ဦးတင်မောင်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ် စိုးကျော်ထက်နှင့် အစိုးရ အဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင် အတွင်းသို့ဝင်ရောက်လာကြသူများ နှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ၊ ဖိတ်ကြားထားသော ဧည့်သည် တော်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီး ချုပ်နှင့် တိုင်းမှူးတို့က ဥပဒေ ဘောင်အတွင်း ဝင်ရောက်လာသူ များအား အသိပညာပေး အမှာ စကားပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့ နှင့်အတူ ပါရှိလာသည့် MA-1 အမျိုးအစား မောင်းပြန်ရိုင်ဖယ် ငါးလက်၊ MA-3 အမျိုးအစား မောင်းပြန် ရိုင်ဖယ်တစ်လက်၊ MA-11 အမျိုးအစား မောင်းပြန်ရိုင်



ဖယ်တစ်လက်၊ SIG SAUER အမျိုးအစားပစ္စတိုတစ်လက်၊ ၃၅ တောင့်ဝင်ကျည်အိမ် ကိုးခု၊ SIG SAUER အမျိုးအစား ပစ္စတိုကျည် အိမ်တစ်ခု၊ BA-91 လက်ပစ်ဗုံး တစ်လုံး၊ ၅ ဒသမ ၅၆ မမ ကျည် ၂၈၃ တောင့်၊ ၇ ဒသမ ၆၂ မမ ကျည် ၂၃ တောင့်နှင့် USA 380 AUTO အတောင့် ၂၀ တို့အား လွှဲပြောင်းအပ်နှံရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူ ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန် ရှိသူများက လက်နက်၊ ခဲယမ်းများ နှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက် လာသူများအတွက် သေနတ်တစ်လက်လျှင် ဆုကြေး ငွေကျပ်သိန်း ၅၀ နှုန်းဖြင့် သေနတ် ခုနစ်လက်အတွက် ကျပ်သိန်း ၃၅၀၊ ပစ္စတိုတစ်လက်အတွက် ကျပ်သိန်း ၂၀၊ လက်ပစ်ဗုံးတစ်လုံး အတွက် ဆုကြေးငွေကျပ်သုံးသိန်း နှင့် အလင်းဝင်ရောက်လာသူ တစ်ဦးလျှင် ကျပ်သုံးသိန်းနှုန်းဖြင့် ၁၈ ဦးအတွက် ကျပ် ၅၄ သိန်း စုစုပေါင်း ချီးမြှင့်ငွေကျပ် ၄၂၇ သိန်းနှင့် ထောက်ပံ့ပစ္စည်း များကို ထောက်ပံ့ပေးအပ်ရာ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာသူများ ကိုယ်စား အုပ်ထိန်းသူတစ်ဦးက ကျေးဇူး တင်စကား ပြန်လည်ပြောကြား သည်။ ထို့နောက် ဥပဒေဘောင် အတွင်း ပြန်လည်ဝင်ရောက်လာ သူများအား ခံဝန်ကတိ လက်မှတ် ရေးထိုးစေပြီး မိဘအုပ်ထိန်းသူ များထံ ပြန်လည်လွှဲပြောင်းအပ်နှံ ခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် နှင့် တိုင်းမှူးတို့က တက်ရောက် လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်း သို့ဝင်ရောက်လာကြသည့် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံအဖွဲ့ဝင်များသည် မိသားစု ဝင်ဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မ စုဆောင်းခံကြရ ခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများ အား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ် မဟုတ်သည့် အခြေခံအဆောက် အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ် လုပ်ဆောင်နေမှုများကို လက်မခံ နိုင်တော့ခြင်း၊ ၎င်းအဖွဲ့များ အတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်း ချင်း ဗိုလ်ကျနိုပ်စက်၊ သတ်ဖြတ် ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်း ဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏တိုက်စစ်ကို ခုခံနိုင် ခြင်းမရှိတော့ဘဲ စိတ်ဓာတ်ကျ ဆင်းလာခြင်းတို့အပြင် နိုင်ငံတော် နှင့် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ယုံကြည် လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာ နေထိုင်၍ ၎င်းတို့ ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ် ခဲ့ရသည့် နိုင်ငံတော်နှင့်ပြည်သူ လူထုအတွက် ပြန်လည်အကျိုးပြု လိုခြင်းတို့ကြောင့် လက်နက်ကိုင် လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေ ဘောင်အတွင်း ပြန်လည် ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူ များအား ပြန်လည်ကြိုဆိုလက်ခံ ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်း သူများထံသို့ စနစ်တကျ ပြန်လည် လွှဲအပ်ပေးလျက်ရှိရာ ဥပဒေ ဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက် လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ် ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆို လက်ခံကာ လိုအပ်သည့် ကူညီ ထောက်ပံ့မှုများ ပေးအပ်သွားမည် ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်း များအတွက်ဆုကြေးငွေများပေးအပ် သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကို ယခုကဲ့သို့ ကြားသိရပါသည် –

"အကြမ်းဖက်အဖွဲ့အစည်းထဲကို ကျွန်တော် ရောက်သွားရတဲ့ အကြောင်းရင်းက ကျွန်တော်တို့ ရန်ကုန်မှာ အလုပ်လုပ်နေရင်းနဲ့ Tiktok ကနေပြီး ချိတ်ဆက်မိသွား တယ်။ သံတွဲကို ကျွန်တော်တို့ကို ပို့တယ်။ ရောက်သွားတဲ့အချိန်က စပြီးတော့ ကျွန်တော်တို့တွေ ပင်ပန်းဆင်းရဲဒုက္ခတွေ မျိုးစုံခံခဲ့







ရတယ်။ သူတို့တွေရဲ့ စနစ်က လည်း ကျွန်တော်တို့လုံးဝမကြိုက် ဘူး။ မူးရူးလာတဲ့ အချိန်ဆိုရင် ရဲဘော်ကို ရဲဘော်မှန်းလည်းမသိ။ ဆဲဆိုတယ်။ ရိုင်းပျတယ်။ ရိုက်နှက် မှုတွေက အများကြီးကို ပိုဆိုး တယ်။ AA တွေ ကျွန်တော်တို့ ကို လာမခေါ်ခင်တုန်းကတော့ ကျွန်တော်ပြောတယ်။ ကျွန်တော် ပြန်လို့ရရင် ပြန်မယ်။ ကျွန်တော် မနေချင်ဘူးလို့။ တောထဲလည်း မဝင်ချင်ဘူးလို့ပြောတဲ့ အချိန်မှာ မင်းတို့ပြန်လို့မရဘူးတဲ့။ ဒီဘက် ကိုလာပြီးတော့ ပြန်လို့ရှိရင် အရှင် ထွက်တော့မရဘူး။ အသေထွက် ပဲရမယ်လို့ပြောတယ်။ သင်တန်း နည်းပြတွေက ကျွန်တော်တို့ကို ဆက်ဆံတဲ့ ပုံစံတွေကတော့ ရင့်သီးတယ်။ ရိုင်းပျတယ်။ အသိ စိတ်ဓာတ် အလွန်နည်းတော့ သင်တန်းသား တစ်ယောက်နဲ့ သင်နည်းပြတစ်ယောက်က သူတို့ သင်ကြားမှုပဲမှန်တယ်။ သူတို့ ပြောတာပဲမှန်တယ်။ သူတို့ခိုင်း တာပဲလုပ်ဆိုတဲ့ပုံစံမျိုးနဲ့ ဆက်ဆံ ပြီးတော့ ကျွန်တော်တို့ကို သင်တန်း ပေးတယ်။ ကျွန်တော်သင်တန်း တက်ပြီးသွားလို့ ရှေ့တန်းရောက် လာတဲ့အချိန်မှာတော့ ကာကင်း မှာပဲ နေရတယ်။ ကာကင်းမှာ AA တွေနဲ့ နေရတယ်။ AA တွေက သူတို့ခိုင်းတာလုပ်၊ တစ်ခါတလေ ကျ သူတို့ဘက်က မှားတာရှိလို့ ပြန်ပြောရင် ဖြတ်ကန်တာတို့၊ သတိဆွဲပြီး ပါးရိုက်တာတို့လုပ် တယ်။ တချို့ AA တွေဆိုလည်း သူများတကာ အိမ်တွေပေါ်တက် အဝတ်အစားတွေ မွှေနှောက်၊ ကျွန်တော်တို့တွေက မကြိုက်လို့ ပြောတော့ ကျွန်တော်တို့ကို သတိဆွဲပြီး ပါးရိုက်တယ်။ အလင်းဝင်ဖို့ ကျွန်တော် တွေး တယ်။ တစ်လနှစ်လလောက်ထိ ကို ကျွန်တော် တွေးနေတယ်။ ကြိုးစားလို့မရဘူး။ ကျွန်တော်တို့ ကို စောင့်ကြည့်တဲ့ဟာတွေရှိ တယ်လေ။ အခုလိုမျိုး ကျွန်တော် တို့လို အလင်းဝင်လာတဲ့သူတွေ ကို အခမ်းအနားကြီးနဲ့ နွေးနွေး ထွေးထွေး ကြိုဆိုပေးကြတဲ့ အတွက် တပ်မတော်ကလူကြီး မင်းများ၊ အရာရှိများနဲ့ ရဲဘော် အပေါင်းတို့ကို အားလုံးကျေးဇူး တင်ပါတယ်လို့ ကျွန်တော်ပြော ချင်ပါတယ်။"

"ဒီကို ရောက်လာပြီးတော့ အကုန်လုံး အဆင်ပြေတယ်။ ကျွန်တော်တို့ စားရသောက်ရတာ က ကျွန်တော်တို့အလင်းဝင်တဲ့သူ တွေကို အခမ်းအနားနဲ့ ကြိုဆို တယ်။ ထောက်ပံ့ကြေးတွေလည်း ပေးတဲ့အတွက် နိုင်ငံတော်နဲ့ တပ်မတော်ကို အထူးကျေးဇူးတင် ပါတယ်။ အခုတောထဲမှာ ကျန်ခဲ့ တဲ့ ညီအစ်ကိုမောင်နှမတွေကို ကျွန်တော့်လိုအလင်းဝင်ဖို့ အကုန် လုံးကိုဖိတ်ခေါ်တယ်။ အလင်းဝင် လာဖို့အတွက်ကိုလည်း ကျွန်တော် မျှော်လင့်မိပါတယ်။"

"ကျွန်တော်က အရင်တုန်းက သာမန်ပြည်သူပါ။ ကျွန်တော် နိုင်ငံရေးတွေ၊ ဘာတွေလည်း စိတ်မဝင်စားဘူး။ မိသားစုတွေနဲ့ အေးအေးချမ်းချမ်း နေတယ်။ စုဆောင်းရေး ရောက်တော့ တစ်လလောက်ထိတော့ နားရ တယ်။ စုဆောင်းရေးကနေ့သွင်း ထားတဲ့အချိန်မှာ ကတုတ်ကျင်း တူးတာတို့၊ ဘန်ကာဆောက်တာ တို့၊ အဆောက်အအုံဆောက်တာ တို့၊ သင်တန်းကွင်းအတွက် မြေနေရာရှင်းတာတို့ အဲဒါမျိုးတွေ ကျွန်တော်တို့ လုပ်ရပါတယ်။ သစ်ပင်ခုတ်၊ ဝါးခုတ်တာ၊ အဲဒါမျိုး တွေ အစုံလုပ်ရပါတယ်။ စားတာ ကတော့ မနက်ပိုင်းကို ဆန်ပြုတ် တိုက်ပါတယ်။ နေ့လယ်ပိုင်းကို ငါးနီတူးတစ်ယောက်ကို ၁၀ ဖတ်၊ ၁၅ ဖတ်လောက်ပဲ ရတယ်။ လျှော်ကျွေးပါတယ်။ တစ်ခါ တလေ မြေပဲထောင်းပြီး ငရုတ် သီးနဲ့ကြော်တဲ့ဟာလည်း ကျွေး တယ်။ ကွင်းထဲမှာရှိတဲ့ ကင်ပွန်း ချဉ်အရိုင်းတွေခူးပြီး ချဉ်ရည်ဟင်း ချက်စားရတာရှိပါတယ်။ ဆန်က တော့မိုးမိထားလို့အခဲဆန်မျိုးတွေ လည်းရှိပါတယ်။ သင်တန်းကာလ တစ်လျှောက်လုံး မိုးလင်းမိုးချုပ် လူမဆန်စွာခိုင်းတယ်။ ကန်တယ်။ ကြောက်တယ်။ ပြေးသွားပြီဆို ရင်လည်း ပြန်ဖမ်းတယ်။ ပြန်ဖမ်း မိရင် သင်တန်းသား အစုံအစိပေါ့။ ၅၀ ရှိရင် ၅၀၊ ၁၀၀ ရှိရင် ၁၀၀၊ တစ်ယောက်ငါးချက်စီ ရိုက်ခိုင်းပါ တယ်။ ပြီးတော့ သံခြေကျင်းနဲ့ ထောင်သဘောမျိုး ဆောက်ထား တဲ့ အဆောက်အအုံမှာထားပါ တယ်။ ဒီဖိနှိပ်မှုကတော့ တော်တော် လေး ကြီးမားပါတယ်။ ဒါကို ကျွန်တော်တို့က COMPLAIN တက်ခွင့်မရှိပါဘူး။ ပြန်လည် ပြောဆိုခွင့်မရှိပါဘူး။ တပ်မတော် ဘက်က ကျွန်တော်တို့အပေါ် ဆက်ဆံတာကတော့ ဥပဒေ ဘောင်အတွင်းကို ဝင်ရောက်လာ တဲ့အတွက် သူတို့ဘက်ကလည်း လှိုက်လှိုက်လှဲလှဲ ဝမ်းပန်းတသာ နဲ့ ကြိုဆိုကြပါတယ်။ အခုလို ကျွန်တော်တို့ အသိစိတ်ဓာတ်နဲ့ အလင်းဝင်လာတာကို လှိုက်လှိုက် လှဲလှဲ ပြန်လည်ပြီးတော့ ကြိုဆို ပေးတဲ့ တပ်မတော်အကြီးအကဲ တွေရော ပြည်သူတွေရောအားလုံး ကိုလည်း ကျွန်တော်ကျေးဇူးတင် ပါတယ်။ တော်လှန်ရေး ခေါင်းစဉ် တပ်ထားပြီးတော့ အဲဒီအရိပ် အောက်မှာ လက်ရှိတိုက်နေကြ တဲ့ညီအစ်ကိုတွေရောတိုင်းရင်းသား အားလုံးရော လက်နက်နဲ့ငြိမ်းချမ်း ရေးကို လာရောက်လဲလှယ်ပေးပါ။ လက်နက်မဲ့အလင်းဝင်ချင်လည်း လာရောက်ပြုလုပ်ပါ။ ဒီဘက် မှာက အားလုံးလုံခြုံပါတယ်။ ဘေးကင်းပါတယ်။ မိသားစုကို ဒုက္ခပေးခြင်းမျိုး ဘာတစ်ခုမှမရှိ ပါဘူး။ ရောက်လာတဲ့ လူတွေ အပေါ်မှာလည်း လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြောင်းကို ကျွန်တော်တို့က လည်း အာမခံပါတယ်။ ကျွန်တော် တို့လည်း လက်ရှိမှာ အလင်းဝင် လာတဲ့ လူတွေပါပဲ။" **သတင်းစဉ်**

# ကယားပြည်နယ်ဝန်ကြီးချုပ် (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လမ်းဦးစီးဌာန ရုံးသစ်ဖွင့်ပွဲနှင့် အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းဆင်းပွဲ တက်ရောက်



လွိုင်ကော် မတ် ၂၆

(၈၁)နှစ်မြောက်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လွိုင်ကော်မြို့ ဒေါ်ဥခူရပ်ကွက်ရှိ လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံးသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါ အဆောက်အအုံသစ်၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစိန်ဦး၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ လမ်းဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်တရားသူကြီးချုပ်၊ သယံဇာတရေးရာဝန်ကြီးနှင့် လမ်းဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူး (မြို့ပြ)တို့က လွိုင်ကော်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ရုံးသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး လမ်းဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ)က ရုံးသစ်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ဘင်ခရာအဖွဲ့အားလည်းကောင်း၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးက ပန်းဖွားအကအဖွဲ့အား လည်းကောင်း ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး ရုံးသစ်အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၊ အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်းအမှတ်စဉ်(၅) သင်တန်းဆင်းပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းတွင် ထူးချွန်ဆုရရှိသူ သင်တန်းသူ တစ်ဦးအား အပ်ချုပ်စက်တစ်လုံး ဂုဏ်ပြုချီးမြှင့်ပြီး ကျောင်းအုပ်ကြီးက သင်တန်းဆင်းလက်မှတ်များကို သင်တန်းသူများ ကိုယ်စား သင်တန်းသူတစ်ဦးထံ ပေးအပ်ကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သင်တန်းသူများ၏ အိမ်တွင်းမှုလက်ရာများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)




# ငွေတိုက်ဦးစီးဌာန ဌာနတွင်းအရာထမ်းများ မွမ်းမံသင်တန်း အမှတ်စဉ်(၂) သင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် မတ် ၂၆

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ငွေတိုက်ဦးစီးဌာန ဌာနတွင်းအရာထမ်းများ မွမ်းမံသင်တန်း အမှတ်စဉ်(၂) သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ငွေတိုက်ဦးစီးဌာန ရုံးအမှတ်(၃၄)၌ ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းနှင့် ဦးဟန်ဝင်းအောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က နိုင်ငံသားတိုင်းသိထားရမည့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၊ ဝန်ထမ်းများသိရှိဆောင်ရွက်ရမည့် မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်း(၃၅/၂၀၁၇)နှင့် နိုင်ငံတကာအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ အခွန်ဆိုင်ရာ ကိစ္စရပ်များ၊ ငွေကြေးမူဝါဒဆိုင်ရာ ကိစ္စရပ်များ၊ ဥပဒေရေးရာကိစ္စရပ်များ၊ စာရင်းစစ်ဆေးခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် ဘဏ်လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို စာတွေ့၊ လက်တွေ့ ပို့ချပေးခဲ့ကြောင်း၊ ငွေတိုက်ဦးစီးဌာန၏ မူဝါဒဖြစ်သည့် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းပါဝင်အားဖြည့် ဆောင်ရွက်ရန်နှင့်အညီ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ် ခိုင်မာတောင့်တင်းလာစေရန် ဌာနရှိဝန်ထမ်းများက ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ ကြိုးစားဆောင်ရွက်ကြရန်နှင့် ဌာနကအားကိုးအားထားပြုသည့် ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က သင်တန်းတွင် ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ပြီး သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးထံ သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါသင်တန်းကို ဖေဖော်ဝါရီ ၁၉ ရက်မှ မတ် ၂၀ ရက်အထိ ၂၁ ရက်ကြာ ဖွင့်လှစ်ပို့ချခဲ့ပြီး ငွေတိုက်ဦးစီးဌာနမှ အရာထမ်း ၃၃ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ကြို့ပင်ကောက်မြို့နယ်၌ မီးခိုးမြူငွေ့ လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြော

ကြို့ပင်ကောက် မတ် ၂၆

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် သစ်တောဦးစီးဌာနက သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအသိပညာပေးဟောပြောပွဲတွင် ကြို့ပင်ကောက်မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတင်မြတ်က သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာများ၊ သစ်တောသစ်ပင်အရေးပါပုံတို့ကို အသိပညာပေးဟောပြောသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# နယ်စပ်ရေးရာဝန်ကြီးဌာန မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာပေးဆွေးနွေးဟောပြောပွဲနှင့် မီးငြိမ်းသတ် သရုပ်ပြလေ့ကျင့်

နေပြည်တော် မတ် ၂၆

နယ်စပ်ရေးရာ ဝန်ကြီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာပေးဆွေးနွေးဟောပြောပွဲနှင့် သရုပ်ပြလေ့ကျင့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာ ဝန်ကြီးဌာန ဧရာဝတီခန်းမ၌ ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုင်းထွန်းညို၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်



ဝန်ထမ်းများက တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ ဥတ္တရသီရိခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးသက်နောင်က မီးသတ်ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် မီးဘေးလုံခြုံရေးဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မီးငြိမ်းသတ်သရုပ်ပြလေ့ကျင့်ခြင်းကို ဝန်ကြီးဌာန ယာဉ်ရပ်နားကွင်း၌ ဆက်လက်ကျင်းပရာ ဥတ္တရသီရိခရိုင် မီးသတ်ဦးစီးမှူးနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၁၂ ဦးတို့က မီးလောင်ကျွမ်းမှု ဖြစ်ပေါ်လာပါက ငြိမ်းသတ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဝန်ကြီးဌာန အရာထမ်း၊ အမှုထမ်းများနှင့်အတူ လက်တွေ့သရုပ်ပြ လေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# မင်္ဂလာဒုံမြို့နယ်၌ ဇဟိုမိုဘိုင်းစက်ပစ္စည်းသက်သေခံ မှတ်ပုံတင်စနစ်ဆိုင်ရာ အသိပညာပေးဟောပြော

ရန်ကုန် မတ် ၂၆

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ဇဟိုမိုဘိုင်းစက်ပစ္စည်းသက်သေခံမှတ်ပုံတင်စနစ်(CEIR)ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့က မင်္ဂလာဒုံမြို့နယ်အခွန်ဦးစီးဌာနရုံး၌ ကျင်းပသည်။

ဦးစွာ မင်္ဂလာဒုံမြို့နယ် အခွန်ဦးစီးဌာနမှူး ဦးအောင်နိုင်သူက ဇဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ်(CEIR)ဆိုင်ရာနှင့် ပတ်သက်၍ အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

ရဲရင့်သိန်းထွန်း



**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# အဆင့်မြှင့်တင်ထားသည့် Bar Code/ QR Code များဖြင့် စက်သုံးဆီရောင်းချပေးသွားမည်ဖြစ်၍ ပူးပေါင်းဆောင်ရွက်ကြပါရန် အသိပေးထုတ်ပြန်ခြင်း

စက်သုံးဆီဝယ်ယူရာတွင် စက်စွမ်းအားအလိုက် ဝယ်ယူခွင့်ပမာဏကို သတ်မှတ်ပြီး ပိုမို၍ ပြည့်စုံသည့်စနစ်ဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် တောင်ကြီးမြို့များတွင် ၂၇-၃-၂၀၂၆ ရက်နေ့မှစ၍ ရောင်းချသွားမည်ဖြစ်ပြီး ကျန်မြို့များတွင်လည်း ယခုစနစ်အား ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

စနစ်အားအသုံးပြုရာတွင် မော်တော်ယာဉ်၏ Wheel Tax တွင် အာမခံမှုအမှတ်အသား (Hologram) ပါရှိမှသာ အရောင်းဆိုင်ဝန်ထမ်းက Scan ဖတ်မည်ဖြစ်ပါသည်။





ယင်းအချိန်တွင် Gas ကားဖြစ်ပါက “**Gas ဆိုင်တွင်သာ ဝယ်ယူရန်**” စာသားပေါ်လာမည် ဖြစ်ပါသည်။

Gas ဆိုင်တွင်သာ ဝယ်ယူရန်

ဓာတ်ဆီ၊ ဒီဇယ်ဆီကားများဖြစ်ပါက မော်တော်ယာဉ်နံပါတ်၊ တစ်ပတ်အတွင်း ဝယ်ယူခွင့်ပမာဏ၊ ဝယ်ယူပြီးသည့်ပမာဏ၊ ဝယ်ယူရန်ကျန်ရှိသည့်ပမာဏ ပေါ်လာမည်ဖြစ်ပါသည်။

| ယာဉ်အမှတ်- 1A/1111 | |
|---|---|
| ယခုအပတ်အတွက်ဝယ်ယူခွင့်ပြုသည့်ပမာဏ | ၃၅ လီတာ |
| ဝယ်ယူပြီးသည့်ပမာဏ | ၀ လီတာ |
| ဝယ်ယူရန်ကျန်ရှိသည့်ပမာဏ | ၃၅ လီတာ |

ဝယ်ယူမည့်ဆီအမျိုးအစားနှင့်ပမာဏကို ဖြည့်သွင်းပြီး ဝယ်ယူနိုင်မည်ဖြစ်ပြီး ရောင်းချသည့်ဆိုင်နံပါတ်၊ တည်နေရာ၊ ဆီပမာဏများအလိုအလျောက် Server သို့ ဝင်ရောက်သွားပါမည်။




ဝယ်ယူသည့်ပမာဏကို ရောင်းချပါမည်။

ဒုတိယအကြိမ်ထပ်မံဝယ်ယူသည့်အချိန်တွင် Quota ကုန်နေပါက ဝယ်ယူခွင့်မပြုကြောင်း ဖော်ပြပေးပါမည်။




သတ်မှတ်ပေးသည့် Quota ကို တစ်ပတ်အတွင်း အပြီးအပြတ် ဝယ်ယူရပါမည်။

ခရီးဝေးသွားရောက်မည့်ယာဉ်များအတွက် မူလဝယ်ယူထားသည့် စက်သုံးဆီငွေရှင်းပြေစာကို ပြသ၍ ရောက်ရှိရာအခြားတိုင်းဒေသကြီး/ပြည်နယ်ရှိ အရောင်းဆိုင်များတွင် Scan ဖတ်၍ ထပ်မံဝယ်ယူနိုင်မည်ဖြစ်ပါသည်။

ခရီးဝေးပြေးဆွဲနေသည့် အထူးဘတ်စ်ကား၊ လူမှုကူညီရေးယာဉ်၊ လူနာတင်ယာဉ်၊ နိဗ္ဗာန်ယာဉ်၊ စည်ပင်အမှိုက်သိမ်းယာဉ်၊ ရေပုတ်စုပ်ယာဉ် စသည့်ယာဉ်များကို Quota များ သတ်မှတ်ခြင်းမရှိဘဲ အရောင်းဆိုင်များမှ လိုအပ်သည့်ပမာဏအတိုင်း စိစစ်ရောင်းချပေးသွားပါမည်။ Scan ဖတ်၍ မှတ်တမ်းတင်ထားပြီး Online Monitoring စနစ်ဖြင့် ကြပ်မတ်ထိန်းကျောင်းသွားပါမည်။

ကုန်တင်ယာဉ်ကြီးများအနေဖြင့် မြို့ပြင်ရှိစက်သုံးဆီဆိုင်များတွင်သာ QR Code စနစ်ဖြင့် ဖြည့်သွင်းဆောင်ရွက်ရမည်ဖြစ်ပါသည်။

စက်မှုလယ်ယာကဏ္ဍတွင် အသုံးပြုသည့် ထွန်စက်၊ လယ်ယာသုံးစက်ကိရိယာများ၊ အိမ်တွင်းစက်မှုလုပ်ငန်းများနှင့် မီးစက်များအတွက် စွမ်းအင်ဝန်ကြီးဌာနမှ သတ်မှတ်ပေးထားသည့်ပုံစံတွင် ဖြည့်စွက်၍ နီးစပ်သောအရောင်းဆိုင်များတွင် မှတ်တမ်းထားရှိ၍ ရောင်းချပေးမည်ဖြစ်ပါသည်။

စက်သုံးဆီအရောင်းဆိုင်များအနေဖြင့် Bar Code သို့မဟုတ် QR Code ဖတ်၍ ရောင်းချပေးထားမှုနှင့် ပုံစံတွင်ဖြည့်စွက်၍ ရောင်းချပေးထားသည့်စက်သုံးဆီပမာဏကိုသာ ပြန်လည်ဖြည့်တင်းခွင့်ရရှိမည်ဖြစ်ပါသည်။

ယာဉ်တစ်စီးချင်းအနေဖြင့် တစ်ပတ်စာဝယ်ယူခွင့်အကြိမ်ရေနှင့် ပမာဏကို ထုတ်ပြန်ပေးမည်ဖြစ်ပြီး သတ်မှတ်ချက်အတိုင်း ရောင်းချပေးသွားမည်ဖြစ်ပါသဖြင့် ပြည်သူများ အဆင်ပြေချောမွေ့စွာ စက်သုံးဆီဝယ်ယူခွင့်ရရှိနိုင်ရေး ပူးပေါင်းဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**စွမ်းအင်ဝန်ကြီးဌာန**

**ယာဉ်အုပ်စုနှင့် စက်စွမ်းအင်အလိုက် တစ်ပတ်အတွင်းဝယ်ယူခွင့်ရှိမည့် စက်သုံးဆီပမာဏအခြေပြဇယား**

| စဉ် | ယာဉ်အုပ်စု | စက်စွမ်းအား | တစ်ပတ်အတွင်း ဝယ်ယူခွင့်ရှိမည့် ပမာဏ(ဓာတ်ဆီ/ ဒီဇယ်ဆီ) | | တစ်ပတ်အတွင်း အများဆုံး ဝယ်ယူနိုင်မည့် အကြိမ်ရေ |
|---|---|---|---|---|---|
| | | | လီတာ | ဂါလန် | |
| ၁ | ဆိုင်ကယ် | - | ၈ | ၁.၈ | ၂ ကြိမ် |
| ၂ | သုံးဘီး | - | ၂၅ | ၅.၅ | ၃ ကြိမ် |
| ၃ | ထရော်လာဂျီ | - | ၃၀ | ၆.၆ | ၃ ကြိမ် |
| ၄ | အိမ်စီးမော်တော်ယာဉ်နှင့်ဌာနဆိုင်ရာယာဉ် (နံပါတ်အနက် (Saloon, Station Wagon, Jeep စသည့်) | ၂၀၀၀ စီစီအထိ | ၃၅ | ၇.၇ | ၂ ကြိမ် |
| | | ၂၀၀၀ စီစီအထက်မှ ၃၀၀၀ စီစီအထိ | ၄၀ | ၈.၈ | ၂ ကြိမ် |
| | | ၃၀၀၀ စီစီအထက် | ၄၅ | ၉.၉ | ၂ ကြိမ် |
| | Taxi (နံပါတ်အနီ) (Saloon, Van စသည့်) | ၂၀၀၀ စီစီအထိ | ၉၀ | ၁၉.၈ | ၃ ကြိမ် |
| | | ၂၀၀၀ စီစီအထက်မှ ၃၀၀၀ စီစီအထိ | ၁၀၀ | ၂၂ | ၃ ကြိမ် |
| | | ၃၀၀၀ စီစီအထက် | ၁၁၀ | ၂၄.၂ | ၃ ကြိမ် |
| ၅ | ပုဂ္ဂလိကနှင့်ဌာနဆိုင်ရာကုန်တင်ဝန်ပေါ့ (Light Duty ) ယာဉ် (နံပါတ်အနက်နှင့်အနီ) (Light Truck, Truck, Pickup စသည့်) | ၂၀၀၀ စီစီအထိ | ၉၀ | ၁၉.၈ | ၂ ကြိမ် |
| | | ၂၀၀၀ စီစီအထက် | ၁၁၀ | ၂၄.၂ | ၂ ကြိမ် |
| | **မှတ်ချက်။ ခရီးဝေးထွက်ခွာပါက ခရီးလမ်းတစ်လျှောက်ရှိ အရောင်းဆိုင်များတွင် ရောင်းချပေးသွားမည်ဖြစ်ပါသည်။** | | | | |
| ၆ | ပုဂ္ဂလိကနှင့်ဌာနဆိုင်ရာ ကုန်တင်ဝန်လေး (Heavy Duty) ယာဉ်(နံပါတ်အနက်/အနီ) (Truck စသည့်) | ၆၀၀၀ စီစီအထိ | ၁၂၀ | ၂၆.၄ | ၂ ကြိမ် |
| | | ၆၀၀၀ စီစီအထက် | ၁၅၀ | ၃၃ | ၂ ကြိမ် |
| | **မှတ်ချက်။ ခရီးဝေးထွက်ခွာပါက ခရီးလမ်းတစ်လျှောက်ရှိ အရောင်းဆိုင်များတွင် ရောင်းချပေးသွားမည်ဖြစ်ပါသည်။** | | | | |
| ၇ | Tractor Head ယာဉ် (နံပါတ်အနက်/အနီ) | ၈၀၀၀ စီစီအထိ | ၂၀၀ | ၄၄ | ၂ ကြိမ် |
| | | ၈၀၀၀ စီစီအထက် | ၂၅၀ | ၅၅ | ၂ ကြိမ် |
| | **မှတ်ချက်။ ခရီးဝေးထွက်ခွာပါက ခရီးလမ်းတစ်လျှောက်ရှိ အရောင်းဆိုင်များတွင် ရောင်းချပေးသွားမည်ဖြစ်ပါသည်။** | | | | |
| ၈ | Dump Truck ယာဉ် (နံပါတ် အနက်/အနီ) | ၆၀၀၀ စီစီအထိ | ၁၂၀ | ၂၆.၄ | ၂ ကြိမ် |
| | | ၆၀၀၀ စီစီအထက်မှ ၈၀၀၀ စီစီအထိ | ၁၅၀ | ၃၃ | ၂ ကြိမ် |
| | | ၈၀၀၀ စီစီအထက် | ၂၅၀ | ၅၅ | ၂ ကြိမ် |
| | **မှတ်ချက်။ ခရီးဝေးထွက်ခွာပါက ခရီးလမ်းတစ်လျှောက်ရှိအရောင်းဆိုင်များတွင် ရောင်းချပေးသွားမည်ဖြစ်ပါသည်။** | | | | |
| ၉ | ပုဂ္ဂလိကနှင့်ဌာနဆိုင်ရာယာဉ် (နံပါတ်အနက်)(Bus , Micro Bus, Mini Bus, City Bus စသည့်) | ၂၀၀၀ စီစီ အထိ | ၇၀ | ၁၅.၄ | ၃ ကြိမ် |
| | | ၂၀၀၀ စီစီအထက်မှ ၃၀၀၀ စီစီအထိ | ၉၀ | ၁၉.၈ | ၃ ကြိမ် |
| | | ၃၀၀၀ စီစီနှင့် အထက် | ၁၁၀ | ၂၄.၂ | ၃ ကြိမ် |
| | ပုဂ္ဂလိကခရီးသည်တင်(Bus) ယာဉ် (နံပါတ်အနီ) | Quota သတ်မှတ်ခြင်းမပြုဘဲ ထည့်သွင်းသည့်ပမာဏကိုသာ Scan ဖတ်၍ မှတ်သားပါမည်။ | | | - |
| ၁၀ | လူမှုကူညီရေးယာဉ် လူနာတင်ယာဉ်/ နိဗ္ဗာန်ယာဉ်၊ စည်ပင်အမှိုက်သိမ်းယာဉ်/ ရေပုတ်စုပ်ယာဉ် စသည့်ယာဉ်များ | အဆိုပါယာဉ်များကို Quota သတ်မှတ်ခြင်းမရှိဘဲ အရောင်းဆိုင်များမှ လိုအပ်သည့်ပမာဏအတိုင်း စိစစ်ရောင်းချပေးသွားပါမည်။ | | | - |

# သတိပြုကာကွယ်ရမည့် လေထုညစ်ညမ်းမှုအန္တရာယ်

ဝင်းထွဋ်ဦး

**ဖေဖော်ဝါရီ ၂၃ ရက် မွန်းလွဲပိုင်းမှာ ရန်ကုန်ကနေ ဒလကိုပြန်လာရာမှာ သတိပြုမိတာပါ။ ရန်ကုန်မြစ်တွင်းကနေ ကြည့်မိတဲ့နေရာတိုင်းလိုလိုဟာ အရင်ကလိုမဟုတ် မှုန်ဝါးဝါး မြူတွေအုံ့ဆိုင်းကျဆင်းနေသလိုဖြစ်နေတာကို တွေ့ရတယ်။ မိုးအုံ့နေတာလို့လည်း ထင်မိတယ်။ ဒါပေမဲ့ ကိုယ်သတိပြုမိတာ မြင်တာထင်တာတွေမဟုတ်ဘူးဆိုတာကို ညနေပိုင်းမှာ သိလိုက်ရတယ်။ အင်တာနက်စာမျက်နှာတွေပေါ်မှာ ဖတ်လိုက်မိမှ လေထုညစ်ညမ်းမှုဖြစ်ပေါ်နေတာကို သိရတယ်။**

ဖေဖော်ဝါရီ ၂၃ ရက် ညနေ ၅ နာရီ IQ Air ရဲ့ ထုတ်ပြန်ချက်အရ ရန်ကုန်မြို့ဟာ ကမ္ဘာ့အဆင့်-၄ နေရာကို ရောက်ရှိလို့နေပါတယ်။ IQ Air ဖော်ပြချက်အရ ရန်ကုန်မြို့ရဲ့ AQI (လေထုအရည်အသွေးအညွှန်းကိန်း)ဟာ ၁၅၆ မှာရှိနေတယ်လို့ သိရတယ်။

ဖေဖော်ဝါရီ ၂၃ ရက်က ရန်ကုန်မြို့၌ လေထုညစ်ညမ်းမှုဖြစ်ပေါ်နေသည့်မြင်ကွင်း။



လေထုညစ်ညမ်းမှုဟာ ကျွန်တော်တို့အားလုံးအတွက် အန္တရာယ်ဖြစ်ပါတယ်။ ကျန်းမာရေးကို ထိခိုက်စေနိုင်တယ်။ ပြည်သူတွေအနေနဲ့ လေထုညစ်ညမ်းမှုကနေ ဖြစ်နိုင်တဲ့ဆိုးကျိုးတွေကို သိရှိထားဖို့လိုအပ်ပါတယ်။ ပြီးခဲ့တဲ့နှစ်ကလည်း ရန်ကုန်မြို့ဟာ ကမ္ဘာ့လေထုညစ်ညမ်းမှုအမြင့်ဆုံးမြို့တွေစာရင်းမှာ ပါဝင်ခဲ့ပါတယ်။ အခုလည်း လေထုညစ်ညမ်းမှုဟာ အန္တရာယ်ဖြစ်တဲ့အဆင့်ကို ရောက်နေလို့ ကျွန်တော်တို့အားလုံး လေထုညစ်ညမ်းမှုအန္တရာယ်ကို ဂရုတစိုက် အလေးထားပြီး သတိပြုကာကွယ် နေထိုင်သွားလာကြဖို့လိုပါတယ်။

### လေထုအရည်အသွေးညွှန်းကိန်း

လေထုအရည်အသွေးညွှန်းကိန်း (AQI) သုညမှ ၅၀ အတွင်းရှိပါက ကောင်းမွန်ပြီး ၅၁ မှ ၁၀၀ အကြားရှိပါက အလယ်အလတ်အဆင့်ရှိကာ ၁၀၁ မှ ၁၅၀ အကြားရှိပါက ထိခိုက်လွယ်သူများအတွက် လေထုမှာ ကောင်းမွန်မှုမရှိဘူးလို့ သိရပါတယ်။ ၁၅၁ မှ ၂၀၀ အဆင့်ရှိပါက ကျန်းမာရေးအတွက် မကောင်းကြောင်း၊ ၂၀၁ မှ ၃၀၀ အဆင့်ရှိပါက ကျန်းမာရေးထိခိုက်နိုင်ကြောင်း၊ ၃၀၁ အထက်ရှိပါက ကျန်းမာရေးကို အန္တရာယ်ပေးတဲ့အဆင့်ဖြစ်ကြောင်း သိရတယ်။

လေထုညစ်ညမ်းမှုဆိုတာက လေထုထဲမှာ မီးခိုး၊ ဓာတ်ငွေ့တစ်မျိုးမျိုး၊ ဖုန်မှုန့်တွေ၊ မြူခိုးတွေ၊ အနံ့အသက်တွေ၊ ရေခိုးရေငွေ့တွေရှိသင့်တဲ့ ပမာဏထက် ပိုပြီးများပြားစွာရှိနေတာက လေထုအရည်အသွေးကျဆင်းနေတာပဲ ဖြစ်တယ်။

လေထုထဲမှာ ကာဗွန်မိုနောက်ဆိုက်၊ ဆာလ်ဖာဒိုင်အောက်ဆိုက်၊ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်နဲ့ အိုဇုန်း၊ ($PM_{2.5}$) နဲ့ ($PM_{10}$) အမှုန်အမွှားတွေစတဲ့ ညစ်ညမ်းပစ္စည်းတွေ အနည်းနဲ့အများဆိုသလို ရောနှောပါဝင်နေတယ်ဆိုရင် လေထုညစ်ညမ်းမှုဖြစ်ပေါ်လာပါတယ်။

အဓိကအန္တရာယ်ပြုတဲ့ အမှုန်တွေကတော့ ကာဗွန်မိုနောက်ဆိုက်၊ အိုဇုန်း၊ နိုင်ထရိုဂျင်ဒိုင်အောက်ဆိုက်နဲ့ ဆာလ်ဖာဒိုင်အောက်ဆိုက်ဓာတ်ငွေ့တွေဖြစ်တယ်။ အဲဒီအမှုန်တွေက လူသားတွေရဲ့ကျန်းမာရေးကို တစ်နည်းနည်းနဲ့ ထိခိုက်စေနိုင်တယ်။ အများဆုံးကတော့ အသက်ရှူလမ်းကြောင်းကနေ လူ့ခန္ဓာကိုယ်ကို ထိခိုက်စေတာဖြစ်တယ်။

ဖေဖော်ဝါရီ ၂၃ ရက် ညနေပိုင်း လေထုညစ်ညမ်းမှု AQI ညွှန်းကိန်းဟာ ၁၅၁ မှ ၂၀၀ အထိ ရောက်နေပြီဖြစ်လို့ ကျန်းမာရေးအတွက် မကောင်းတဲ့အဆင့် ဖြစ်နေပါပြီ။

လေထုညစ်ညမ်းမှုဖြစ်စေတဲ့ အမှုန်အမွှားလေးတွေရဲ့ပမာဏ သေးငယ်လေလေ လူ့ခန္ဓာကိုယ်အတွင်းဝင်ရောက်ဖို့ လွယ်ကူလေလေဖြစ်ပါတယ်။ ၁၀ မိုက်ခရိုမီတာထက်သေးငယ်တဲ့ အမှုန်အမွှားတွေ ($PM_{10}$)ဟာ အသက်ရှူလမ်းကြောင်းကတစ်ဆင့် အဆုတ်ထဲအထိ ဝင်ရောက်နိုင်တယ်။ ၂ ဒသမ ၅ မိုက်ခရိုမီတာထက် သေးငယ်တဲ့အမှုန်အမွှားတွေ ($PM_{2.5}$) (လူ့ဆံပင်၏ သုံးရာခိုင်နှုန်းခန့်သာရှိတဲ့ အမှုန်အမွှားတွေ)ဟာ အဆုတ်အတွင်းရှိ လေအိတ်ငယ်တွေရဲ့နံရံကတစ်ဆင့် သွေးကြောထဲအထိ ဝင်ရောက်နိုင်ပါတယ်။ သွေးကြောထဲအထိ ရောက်သွားတဲ့ အမှုန်အမွှားတွေက သွေးလည်ပတ်စီးဆင်းမှုကိုထိခိုက်စေကာ လေဖြတ်တာ၊ နှလုံးထိခိုက်တာအပြင် တခြားကျန်းမာရေးဆိုင်ရာပြဿနာတွေဖြစ်နိုင်ပါတယ်။ ဒါ့အပြင် လူတိုင်းအတွက် လေဟာမရှိမဖြစ် လိုအပ်တာကြောင့် လေထုညစ်ညမ်းမှုဟာ တခြားကျန်းမာရေးပြဿနာတွေ၊ ရောဂါတွေထက်ပိုပြီး ဒုက္ခပေးနိုင်တာ အမှန်ပါပဲ။ ညစ်ညမ်းမှုများလာတဲ့လေကို ရှူရတဲ့အချိန်ကာလ နေ့ရက်တွေများလာလေလေ ကျန်းမာရေးထိခိုက်မှုပိုများလာလေလေ ဖြစ်ပါတယ်။

### ပျမ်းမျှမျှော်မှန်းသက်တမ်းဟာ ၂ ဒသမ ၂ နှစ်ခန့်အထိ ကျဆင်းလာ

လေထုညစ်ညမ်းမှုကြောင့် လူတစ်ဦးချင်းစီရဲ့ ပျမ်းမျှမျှော်မှန်းသက်တမ်းဟာ ၂ ဒသမ ၂ နှစ်ခန့်အထိ ကျဆင်းလာတယ်လို့ ကျန်းမာရေးမှတ်တမ်းတွေအရ သိရပါတယ်။ ပြောရရင် ကျန်းမာရေးထိခိုက်မှုဟာ ရောဂါဖြစ်နှုန်းနဲ့ ဆုံးရှုံးမှုနှုန်းအမြင့်ဆုံးနဲ့ အများဆုံး ဖြစ်လို့နေပါတယ်။

ကလေးသူငယ်တွေ၊ သက်ကြီးရွယ်အိုတွေ၊ ကိုယ်ဝန်ဆောင်နဲ့ ရောဂါအခံရှိသူတွေဟာ လေထုညစ်ညမ်းမှုရဲ့ ဆိုးကျိုးနဲ့ ကျန်းမာရေးပြဿနာတွေကို ကျန်တဲ့သူတွေထက် ပိုပြီးခံစားရနိုင်ခြေရှိတယ်။ ဖြစ်နိုင်ရင် သူတို့ကိုအရင်ဆုံးဂရုစိုက်ကြရပါမယ်။

လေထုညစ်ညမ်းမှု အန္တရာယ်ကာကွယ်နိုင်ဖို့အတွက် လေထုညစ်ညမ်းမှုအမြင့်ဆုံးအချိန်တွေဖြစ်တဲ့ နံနက်ပိုင်းနဲ့ ညနေပိုင်းတွေမှာ အပြင်မထွက်ဘဲ အိမ်တွင်းမှာပဲ နေထိုင်ရပါမယ်။ အိမ်တွင်းလေထုကိုထိန်းသိမ်းဖို့အတွက် ပြတင်းပေါက်နဲ့ တံခါးတွေကိုပိတ်ထားပါ၊ အပြင်ထွက်ရင် အရည်အသွေးမြင့်ပါးစပ်နဲ့ နှာခေါင်းစည်း (ဥပမာ- N95 Mask) တပ်ဆင်ပါ၊ အိမ်ထဲမှာအမွှေးတိုင်၊ ခြင်ဆေးခွေထွန်းတာ၊ ဆေးလိပ်သောက်တာ၊ ထင်း/မီးသွေးတွေနဲ့ ချက်ပြုတ်တာတွေကို ရှောင်ကြဉ်ဖို့လိုအပ်ပါတယ်။

လေထုညစ်ညမ်းမှုဟာ ရာသီဥတုပြောင်းလဲမှုနဲ့လည်း တိုက်ရိုက်သက်ဆိုင်ပါတယ်။ တွင်းထွက်လောင်စာတွေ အသုံးပြုတာ၊ ယာဉ်ပေါင်းစုံကထုတ်လွှတ်တဲ့မီးခိုးငွေ့တွေ၊ စက်ရုံတွေကထွက်ရှိတဲ့မီးခိုးတွေ စတာတွေဟာ လေထုညစ်ညမ်းမှုကိုဖြစ်စေတယ်။ ဒီလိုအကြောင်းအရာတွေကြောင့် ဖြစ်ပေါ်နိုင်တဲ့ လေထုညစ်ညမ်းမှုကို ထိန်းချုပ်လျှော့ချနိုင်ဖို့ လိုအပ်လာပါပြီ။ ကျန်းမာရေးဆိုင်ရာဆိုးကျိုးတွေကများပြီး အန္တရာယ်အကြီးမားဆုံးရောဂါအစုံကို ဖြစ်စေတဲ့ လေထုညစ်ညမ်းမှုကို ဥပဒေပြဋ္ဌာန်းတာ၊ အသိပညာပေးတာ နည်းလမ်းတွေရှာဖွေလုပ်ဆောင်ပြီး လူတွေပြုမူမှုတွေကနေဖြစ်ပေါ်လာတဲ့ လေထုညစ်ညမ်းမှုကို ထိန်းချုပ်နိုင်ပါတယ်။ ရပ်ကွက်နဲ့ တောရွာဒေသတွေမှာ လယ်ယာစိုက်ခင်း မီးရှို့တာ၊ တောမီးရှို့တာ၊ အမှိုက်မီးရှို့တာတွေကို အသိပညာပေး တားမြစ်မှုတွေ လုပ်ဆောင်ရပါမယ်။ ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးတွေဖြစ်တယ်ဆိုတာကို ရှင်းလင်းပြောပြပေးရပါမယ်။ မြို့ပြဒေသတွေမှာ ကိုယ်ပိုင်ယာဉ်သုံးစွဲမှုကို လျှော့ချကြဖို့၊ အများသုံးသယ်ယူပို့ဆောင်မှုကိုမြှင့်တင်ပြီး ပူးပေါင်းပါဝင်ကျင့်သုံးကြဖို့ကိုလည်း ပညာပေးစည်းရုံးလုပ်ဆောင်ကြရပါမယ်။ အစားအစာချက်ပြုတ်ရာမှာ ထင်း၊ မီးသွေးလောင်စာသုံးစွဲမှုကို လျှော့ချဖို့လည်း ပညာပေးတာ၊ နည်းပညာပိုင်းအကူအညီပေးတာတွေကို စနစ်တကျ ပံ့ပိုးဆောင်ရွက်ဖို့လည်း လိုပါတယ်။

အခုလိုလေထုညစ်ညမ်းမှုကို လျှော့ချနိုင်တဲ့နည်းလမ်းတွေကို စနစ်တကျချမှတ်ပြီး လိုက်နာဆောင်ရွက်ကြမယ်ဆိုရင် ကျန်းမာရေးဆိုင်ရာပြဿနာတွေကို လျှော့ချနိုင်မှာဖြစ်တယ်။

### လေထုညစ်ညမ်းမှုကိုလျှော့ချ

ကျွန်တော်တို့ ပြည်သူတစ်ဦးချင်းစီအနေနဲ့ လေထုညစ်ညမ်းမှုကို လျှော့ချရာမှာ ပါဝင်ဆောင်ရွက်နိုင်တဲ့ နည်းလမ်းကောင်းတွေရှိပါတယ်။

ကိုယ်ပိုင်ကားစီးမယ့်အစား အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ်ကို အသုံးပြုမယ်၊ ခရီးတိုနီးမယ်ဆိုရင် စက်ဘီးစီးပြီးသွားမယ်၊ ဆေးလိပ်သောက်တာလျှော့ချမယ်၊ တချို့ပစ္စည်းတွေကို မီးရှို့ဖျက်ဆီးမယ့်အစား ပြန်လည်သုံးစွဲလို့ရအောင် စီမံပြုလုပ်ဆောင်ရွက်မယ်စတဲ့ နည်းလမ်းတွေနဲ့ တစ်ဦးချင်းတစ်ယောက်ချင်းစီက လိုက်နာကျင့်သုံးကာ နေ့စဉ်လူနေမှုဘဝကို ပြောင်းလဲတာဟာလည်း လေထုညစ်ညမ်းမှုလျှော့ချမှုကို တစ်ဖက်တစ်လမ်းက အကျိုးပြုတာပါပဲ။

> **လေထုညစ်ညမ်းမှုကို ထိန်းချုပ်လျှော့ချနိုင်ဖို့ လိုအပ်လာပါပြီ။ ရပ်ကွက်နဲ့ တောရွာဒေသတွေမှာ လယ်ယာစိုက်ခင်း မီးရှို့တာ၊ တောမီးရှို့တာ၊ အမှိုက်မီးရှို့တာတွေကို အသိပညာပေးတားမြစ်မှုတွေ လုပ်ဆောင်ရပါမယ်။ ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးတွေဖြစ်တယ်ဆိုတာကို ရှင်းလင်းပြောပြပေးရပါမယ်။ မြို့ပြဒေသတွေမှာ ကိုယ်ပိုင်ယာဉ်သုံးစွဲမှုကို လျှော့ချကြဖို့၊ အများသုံးသယ်ယူပို့ဆောင်မှုကိုမြှင့်တင်ပြီး ပူးပေါင်းပါဝင်ကျင့်သုံးကြဖို့ကိုလည်း ပညာပေးစည်းရုံးလုပ်ဆောင်ကြရပါမယ်။ အစားအစာချက်ပြုတ်ရာမှာ ထင်း၊ မီးသွေးလောင်စာသုံးစွဲမှုကို လျှော့ချဖို့လည်း ပညာပေးတာ၊ နည်းပညာပိုင်းအကူအညီပေးတာတွေကို စနစ်တကျ ပံ့ပိုးဆောင်ရွက်ဖို့လည်းလို**

အခုအချိန်အခါမှာ လေထုညစ်ညမ်းမှုကို သတိပြုကာကွယ်နိုင်ဖို့ လိုအပ်နေတာက အမှန်ဖြစ်နေပါပြီ။ လေထုညစ်ညမ်းမှုမဖြစ်အောင် ဖြစ်ပွားမှုပိုတိုးမလာအောင် အသိတရားရှိရှိနဲ့ နေထိုင်ပြုမူလုပ်ဆောင်ကြရပါမယ်။ လေထုညစ်ညမ်းမှုအန္တရာယ်ကြီးမားတာနဲ့ ကျန်းမာရေးဆိုးကျိုးတွေများတာကို ကိုယ်ကိုယ်တိုင်သိရှိနားလည်ဖို့လိုသလို အများပြည်သူသိအောင်လည်း ထပ်ဆင့်မျှဝေပေးကြရင်း ပတ်ဝန်းကျင်လေထုညစ်ညမ်းမှုကို သတိပြုကာကွယ်ပြီး နေထိုင်ကြစေဖို့ ရေးသားဖော်ပြလိုက်ရပါတယ်။ ။

## ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီး သုံးပါးအား ထပ်ဆင့်ချီးကျူးဂုဏ်ပြုသည့် ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာ အခမ်းအနားကျင်းပ



ရန်ကုန် မတ် ၂၆

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသော ၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးသုံးပါးအား ထပ်ဆင့်ချီးကျူးဂုဏ်ပြုသည့် ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ရွှေတိဂုံစေတီတော်ရင်ပြင် တောင်ဘက်မုခ်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပသည်။

ဦးစွာ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တနာဂိတထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဦးဘိုသင်းက ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာစကား ပြောကြားပြီး ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး သုံးပါးတို့၏ ထေရုပ္ပတ္တိကို ဂေါပကအဖွဲ့ရုံး ဌာနခွဲမှူး ဦးအောင်မြင့်ထွန်းက ဖတ်ကြားလျှောက်ထားသည်။

ယင်းနောက် ၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ရွှေပြည်သာ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တနာဂိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ တိပိဋကဓရ-ဓမ္မဘဏ္ဍာဂါရိက စွန်းလွန်းဂူရိပ်သာကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ သုန္ဒရနှင့် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် သာသနဓဇဓမ္မာစရိယ လှိုင်ရတနာ ပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တကဥ္စန တို့အား ဘဏ္ဍာတော်ထိန်းဂေါပက အဖွဲ့ဝင်များက ဘွဲ့တံဆိပ်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။

ယင်းနောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တ သုန္ဒရထံမှ အနုမောဒနာတရား နာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

## အစိုးရဓမ္မာစရိယစာမေးပွဲ (စတုတ္ထနေ့) ဆက်လက်ကျင်းပ

နေပြည်တော် မတ် ၂၆

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၆ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲ (စတုတ္ထနေ့)ကို ယနေ့တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၆၅ ဌာနတို့၌ ကျင်းပလျက်ရှိရာ စာဖြေစာရင်းသွင်း ၉၄၉၆ ပါး/ဦးအနက် ၇၂၆၃ ပါး/ဦး ဖြေဆိုကြသဖြင့် ၇၆ ဒသမ ၄၈ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်အတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်နည်းသရုပ်ပြသခြင်းများ ဆောင်ရွက်လျက်ရှိရာ မတ် ၂၆ ရက် နံနက်ပိုင်းက အုန်းပင်စုရပ်ကွက်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးရှေ့၌ ဆောင်ရွက်စဉ်။

မျိုးလှိုင်(တွံတေး)



## ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၆ ခုနှစ် နွေရာသီသင်တန်းများ ဖွင့်လှစ်



နေပြည်တော် မတ် ၂၆

ပြည်ထောင်စု နယ်မြေ နေပြည်တော် ၂၀၂၆ ခုနှစ် နွေရာသီ အင်္ဂလိပ်စာ၊ ကွန်ပျူတာ၊ ယဉ်ကျေးလိမ္မာ၊ ပန်းချီသင်တန်းများ ဖွင့်ပွဲအခမ်းအနားကို မတ် ၂၆ ရက် နံနက်ပိုင်းက ဇမ္ဗူသီရိမြို့နယ် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော် ကောင်စီဝင် ဦးမြင့်စိုးက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် နေပြည်တော် ကောင်စီဝင်များ ဖြစ်ကြသည့် ဦးမြင့်စိုးနှင့် ဦးခင်မောင်လတ်တို့က နေပြည်တော်ကိုယ်ပိုင်ကျောင်းများအသင်းမှ လှူဒါန်းသော အင်္ဂလိပ်စာ၊ ကွန်ပျူတာသင်တန်း လက်စွဲစာအုပ်များနှင့် ပန်းချီသင်ထောက်ကူ ပစ္စည်းများကို မြို့နယ်ပညာရေးမှူးအား ပေးအပ်လှူဒါန်းပြီး နေပြည်တော်ပညာရေးမှူးရုံး ညွှန်ကြားရေးမှူး ဒေါက်တာကျော်လွင်က အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

## ခွေးရူးရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ခွေးရူးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်သော အသက်ဆုံးရှုံးစေသည့် ရောဂါတစ်ခုဖြစ်သည်။ ခွေး၊ ကြောင်၊ မြွေပါ၊ ခွေးအနှင့် မြေခွေးတို့တွင် ကူးစက်ဖြစ်ပွားလေ့ရှိပါသည်။ ရောဂါပိုး ကူးစက်ခံထားရသော ခွေး၊ ကြောင်များ၏ တံတွေးမှတစ်ဆင့် အများဆုံး ကူးစက်ခံရပြီး ခွေးရူးရောဂါကာကွယ်ဆေး ကြိုတင်ထိုးနှံခြင်းဖြင့် ကြိုတင်ကာကွယ်နိုင်ပါသည်။ မိမိတို့မွေးမြူထားသော ခွေး၊ ကြောင်များကို ခွေးရူးရောဂါဖြစ်ပွားခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်ဆရာဝန်များနှင့်တိုင်ပင်၍ မိမိတို့မွေးမြူထားသော ခွေး၊ ကြောင်များအား တစ်နှစ်(၁)ကြိမ် ပုံမှန် ခွေးရူးပြန်ရောဂါကာကွယ်ဆေးထိုးနှံရန်၊

(၂) မိမိတို့ မွေးမြူထားသော ခွေး၊ ကြောင်များအား လမ်းပေါ်မှ ခွေးလေ၊ ခွေးလွင့်များနှင့် မရောနှောမိစေရန် ဂရုတစိုက်ဆောင်ရွက်ရန်၊

(၃) အပြင်သို့ထွက်လျှင် ခွေးချည်ကြိုးဖြင့် သေချာစွာချည်၍ ထွက်ရန်၊

(၄) မိမိအိမ်(သို့မဟုတ်)ရပ်ကွက်ထဲတွင် ခွေးရူးရောဂါ ဖြစ်နေသည်ဟု သံသယရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးမှတစ်ဆင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ အမြန်ဆုံး ဆက်သွယ်အကြောင်းကြားရန်၊

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

## ဘားအံမြို့နယ်ရှိ ဆောင်းဆီထွက်သီးနှံမြေပဲ နုတ်သိမ်းနေမှု ကွင်းဆင်းကြည့်ရှု



ဘားအံ မတ် ၂၆

ကရင်ပြည်နယ် ဘားအံမြို့နယ် ထုံးအိုင်ကျေးရွာရှိ ထုံးအိုင် စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းသားတောင်သူ ၅၀ ၏ စိုက်ဧက ၁၇၀ စိုက်ပျိုးထားသော ဆောင်းဆီထွက်သီးနှံမြေပဲ နုတ်သိမ်းနေမှုကို ကရင်ပြည်နယ်သမဝါယမဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဒေါ်အေးပွင့်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုသည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုရာတွင် ပြည်နယ်ဦးစီးမှူးက ဆောင်းဆီထွက်သီးနှံမြေပဲစိုက် အသင်းသားတောင်သူများနှင့်တွေ့ဆုံကာ လိုအပ်သည်များ မှာကြားပြီး မြေပဲအထွက်နှုန်းမှာ တစ်ဧကလျှင် ၇၈ တင်း ထွက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ကျုံပျော်မြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြ

ကျုံပျော် မတ် ၂၆

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံးတွင် မီးဘေးကာကွယ်ရေး လက်တွေ့သရုပ်ပြခြင်းကို ယနေ့ညနေပိုင်းက ဆောင်ရွက်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းစိုးအောင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်စိန်ဘွင့်နှင့်ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူးက မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများ၊ မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ပုံ၊ ဆီမီးလောင်ကျွမ်းမှုအား မီးငြိမ်းသတ်ပုံတို့ကို ရှင်းလင်းပြောကြားပြီး ဌာနဝန်ထမ်းများနှင့်



ပူးပေါင်းကာ မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်မှုကို လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# နိုင်ငံ့ဝန်ထမ်းအကြီးအမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်း အမှတ်စဉ်(၆) သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ



နေပြည်တော် မတ် ၂၆

နိုင်ငံ့ဝန်ထမ်းအကြီးအမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်း အမှတ်စဉ်(၆) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဥပဒေရေးရာဝန်ကြီးဌာန ဥပဒေအသိပညာပြန့်ပွားရေး ဦးစီးဌာန ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းကျောင်း (Legal Advocacy Center) MOLA Lecture Hall သင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်ဒေါက်တာထိန်လင်းဦးက ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းများကို လမ်းညွှန်ချက်အရ နိုင်ငံ့ဝန်ထမ်းအကြီးအမှူးများအတွက် ဖွင့်လှစ်ဆောင်ရွက်ခဲ့သည်မှာ အမှတ်စဉ် (၆) အထိ ရှိပြီဖြစ်ကြောင်း၊ ယခုသင်တန်းတွင် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ ပါဝင်သည့် စုစုပေါင်း သင်တန်းသား ၂၇ ဦး တက်ရောက်ခဲ့ကြကြောင်း၊ ဥပဒေအသိပညာ ပြန့်ပွားရေးသင်တန်းများကို အမှတ်စဉ် (၆) အထိ အောင်မြင်စွာတက်ရောက်ခဲ့ကြသည့် နိုင်ငံ့ဝန်ထမ်းအကြီးအမှူးများမှာ ၁၇၈ ဦး ရှိပြီဖြစ်ပြီး ဥပဒေအသိပညာများ မျှဝေပေးနိုင်ခဲ့ကြောင်း၊ ဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှ ကျန်ရှိသည့် နိုင်ငံ့ဝန်ထမ်းအကြီးအမှူးများကိုလည်း နောင်ဖွင့်လှစ်မည့် သင်တန်းများတွင် ဆက်လက်မျှဝေ ပို့ချပေးသွားမည်ဖြစ်ပါကြောင်း။

သင်တန်းတွင်ဥပဒေဆိုင်ရာအတွေ့အကြုံကြွယ်ဝသည့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဌာနအကြီးအမှူးများနှင့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူအရာရှိများက စာတွေ့၊ လက်တွေ့ပေါင်းစပ် ပို့ချပေးခဲ့ကြသဖြင့် အကျိုးရှိသော သင်တန်းဖြစ်ပါကြောင်း၊ သင်တန်းသားများအနေဖြင့် ယခုသင်တန်းမှ မျှဝေပေးခဲ့သည့် ဥပဒေဘာသာရပ်များကို မိမိတို့၏လုပ်ငန်းခွင်တွင် လက်တွေ့ကျင့်သုံး ဆောင်ရွက်ခြင်းဖြင့် ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များကို ပိုမိုထိရောက်ကောင်းမွန်စွာ ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

သင်တန်းဆင်းပွဲသို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်၊ ဥပဒေရေးရာဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ်(၂၈) သင်တန်းဆင်းပွဲ ကျင်းပ



ရန်ကုန် မတ် ၂၆

နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အောက်မြန်မာပြည်)၌ အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ် (၂၈) သင်တန်းဆင်းပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် အဆိုပါ တက္ကသိုလ်ရှိ ကေတုမတီခန်းမတွင် ကျင်းပရာ ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

### ချီးမြှင့်ပေးအပ်

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ(ကိုယ်စား) ပါမောက္ခချုပ်ဦးကျော်ထွေးက အရာရှိကြီးများသည် လက်တွေ့နယ်ပယ်တွင် မိမိကို ပေးအပ်သည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ချမှတ်ထားသော ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တိကျမြန်ဆန်စွာ လုပ်ဆောင်ရန်လိုကြောင်း၊ မိမိတို့ တစ်ဦးချင်း ထမ်းဆောင်ရသည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြပြီး စွမ်းရည်၊ စွမ်းအားရှိသည့် အဖွဲ့အစည်းများ ဖြစ်လာအောင် ထမ်းဆောင်ကြစေလိုကြောင်း၊ ပေးအပ်ထားသည့် တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ခြင်းသည် နိုင်ငံတော်နှင့် မိမိတို့အဖွဲ့အစည်းအပေါ် တာဝန်ကျေပွန်ခြင်းဖြစ်၍ တတ်နိုင်သမျှအကောင်းဆုံး အင်ပြည့်အားပြည့် ထမ်းဆောင်ကြရန်လိုကြောင်း၊ ပါတီနိုင်ငံရေးကင်းရှင်းပြီး နိုင်ငံ့ဝန်ထမ်းကျင့်ဝတ် အပါး (၃၀)ကို စောင့်ထိန်းလိုက်နာကာ နိုင်ငံ့ဝန်ထမ်း သစ္စာအဓိဋ္ဌာန်(၆)ချက်ကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားကို ရှေးရှုဆောင်ရွက်ကြရန်၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး ဖြစ်စဉ်များကို စဉ်ဆက်မပြတ်လေ့လာပြီး နောက်လိုက်များအတွက် စံပြပုဂ္ဂိုလ်အဖြစ် ပြုမူနေထိုင်ကြရန်၊ "ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်" ဆိုသည့်အတိုင်း သင်တန်းမှ ရရှိသော အသိအမြင်များကို လုပ်ငန်း အတွေ့အကြုံများနှင့် ပေါင်းစပ်ပြီး လက်တွေ့အသုံးပြုကြရန် တိုက်တွန်းမှာကြားကာ သင်တန်းဆင်း အောင်လက်မှတ်များ ချီးမြှင့်ပေးအပ်သည်။

နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အောက်မြန်မာပြည်)၌ ဖွင့်လှစ်ခဲ့သည့် အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ် (၂၈) သို့ သင်တန်းသား ၂၂ ဦး၊ သင်တန်းသူ ၂၇ ဦး စုစုပေါင်း ၄၉ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဖေဖော်ဝါရီ ၂ ရက်မှ မတ် ၂၆ ရက်အထိ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ၌ စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ် (၂၁၇)၊ အရာထမ်းအခြေခံသင်တန်း အမှတ်စဉ် (၂၂၅)နှင့် စာရေးဝန်ထမ်းကြီးကြပ်သင်တန်းအမှတ်စဉ် (၉၉) သင်တန်းဆင်းပွဲများ ကျင်းပ



ရန်ကုန် မတ် ၂၆

စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ် (၂၁၇)၏ သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အောက်မြန်မာပြည်) ရှိ စစ်ရေးပြကွင်း၌ ကျင်းပသည်။

ဦးစွာ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပါမောက္ခချုပ်က သင်တန်းသားစံပြဆုကို ဦးအောင်ဘုန်းမြင့် အငယ်တန်းစာရေး အင်းစိန်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်ထဲရေးဝန်ကြီးဌာနအား လည်းကောင်း၊ သင်တန်းသူ စံပြဆုကို ဒေါ်ထက်ထက်သိန်းဇော်ဝင်း အငယ်တန်း အင်ဂျင်နီယာ-၃ သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အားလည်းကောင်း၊ စာပေထူးချွန်ဆုကို ဒေါ်ရည်မွန်ကျော် အငယ်တန်း အင်ဂျင်နီယာ-၃ လှည်းကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အား လည်းကောင်း၊ သေနတ်ပစ်ထူးချွန်ဆုကို ဦးဝေလင်းဖြိုး အငယ်တန်းစာရေး မြန်မာ့သစ်လုပ်ငန်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအားလည်းကောင်း၊ စစ်ရေးပြ ထူးချွန်ဆုရရှိသူများနှင့် သင်တန်းဆင်း အောင်လက်မှတ်များကိုလည်းကောင်း ချီးမြှင့်ပေးအပ်ပြီး သင်တန်းဆင်း အမှာစကား ပြောကြားသည်။

သင်တန်းဆင်းပွဲသို့ နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အောက်မြန်မာပြည်) မှ ဒုတိယပါမောက္ခချုပ်များ၊ ဌာနမှူးများ၊ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ ဆရာမများ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းအသီးသီးမှ သင်တန်းသား ၁၄၆ ဦး၊ သင်တန်းသူ ၂၄၃ ဦး စုစုပေါင်း ၃၈၉ ဦး တက်ရောက်ကြောင်းနှင့် သင်တန်းကို ဖေဖော်ဝါရီ ၂ ရက်မှ မတ် ၂၆ ရက်အထိ ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။

ထို့နောက် အရာထမ်းအခြေခံ သင်တန်း အမှတ်စဉ် (၂၂၅)၏ သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြ အခမ်းအနားကို နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ရှိ စစ်ရေးပြကွင်း၌ ကျင်းပသည်။

သင်တန်း ဆင်းပွဲတွင် ပါမောက္ခချုပ်က သင်တန်းကာလအတွင်း ဆုရရှိသူများအား ဆုများ ချီးမြှင့်ရာ သင်တန်းသားစံပြဆုကို ဦးမျိုးဇော် ဦးစီးအရာရှိ မီးသတ်ဦးစီးဌာန ပြည်ထဲရေးဝန်ကြီးဌာနအားလည်းကောင်း၊ သင်တန်းသူ စံပြဆုကို ဒေါက်တာ မိုးဆမ်းပန်း၊ ဦးစီးအရာရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအားလည်းကောင်း၊ စာပေထူးချွန်ဆုနှင့် စစ်ရေးပြထူးချွန်ဆုကို ဦးအောင်ကျော်ဖြိုး လက်ထောက်အင်ဂျင်နီယာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနအားလည်းကောင်း၊ စစ်ရေးပြထူးချွန်ဆုကို ဒေါ်ဆုဇင်မာလွင် ဦးစီးအရာရှိ စီမံကိန်းရေးဆွဲရေးဦးစီးဌာန အမျိုးသား စီမံကိန်းဝန်ကြီးဌာနအားလည်းကောင်း၊ သေနတ်ပစ်ထူးချွန်ဆုကို ဒုတိယရဲမှူး အောင်မြင့်မြတ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပြည်ထဲရေးဝန်ကြီးဌာနအားလည်းကောင်း၊ သင်တန်းဆင်း အောင်လက်မှတ်များကို လည်းကောင်း ချီးမြှင့်ပေးပြီး သင်တန်းဆင်းအမှာစကားပြောကြားသည်။

သင်တန်းဆင်းပွဲသို့ နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အောက်မြန်မာပြည်)မှ ဒုတိယပါမောက္ခချုပ်များ၊ ဌာနမှူးများ၊ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ ဆရာမများ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းအသီးသီးမှ သင်တန်းသား ၉၁ ဦး၊ သင်တန်းသူ ၁၁၇ ဦး၊ စုစုပေါင်း ၂၀၈ ဦး တက်ရောက်ကြောင်းနှင့် သင်တန်းကို ဖေဖော်ဝါရီ ၂ ရက်မှ မတ် ၂၆ ရက်အထိ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ယင်းနောက် စာရေးဝန်ထမ်းကြီးကြပ်သင်တန်း အမှတ်စဉ် (၉၉) ၏ သင်တန်းဆင်းပွဲ အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အောက်မြန်မာပြည်) ရှိ ရတနာသိဃ် ခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ်က သင်တန်းသား စံပြဆုကို ဦးကျော်သက် ဌာနခွဲစာရေး အဆင့်မြင့်ပညာ ဦးစီးဌာန ပညာရေးဝန်ကြီးဌာနအား လည်းကောင်း၊ သင်တန်းသူ စံပြဆုကို ဒေါ်ရီရီဝင်း ရုံးအုပ် စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန နိုင်ငံခြားရေး ဝန်ကြီးဌာနအား လည်းကောင်း၊ စာပေထူးချွန်ဆုကို ဒေါ်သက်ဖူးငုံ ရုံးအုပ် ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာ ဦးစီးဌာန နိုင်ငံခြားရေး ဝန်ကြီးဌာနအား လည်းကောင်း၊ သေနတ်ပစ် ထူးချွန်ဆုကို ဒေါ်မေမြတ်သူ ဌာနခွဲစာရေး ပြည်ထောင်စုတရားလွှတ်တော်ချုပ်အား လည်းကောင်း၊ စစ်ရေးပြထူးချွန်ဆုရရှိသူများနှင့် သင်တန်းဆင်း အောင်လက်မှတ်များကို လည်းကောင်း ချီးမြှင့်ပေးပြီး ပါမောက္ခချုပ်က သင်တန်းဆင်းအမှာစကား ပြောကြားသည်။

သင်တန်းဆင်းပွဲသို့ နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အောက်မြန်မာပြည်)မှ ဒုတိယပါမောက္ခချုပ်များ၊ ဌာနမှူးများ၊ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ ဆရာမများ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းအသီးသီးမှ သင်တန်းသား ၂၆ ဦး၊ သင်တန်းသူ ၆၅ ဦး စုစုပေါင်း ၉၁ ဦး တက်ရောက်ကြောင်းနှင့် သင်တန်းကို ဖေဖော်ဝါရီ ၂ ရက်မှ မတ် ၂၆ ရက်ထိ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာနရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များစက်မှုလက်မှုပညာသင်တန်းကျောင်းများနှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများ၌ သင်တန်းဆင်းပွဲများ ကျင်းပ

**နေပြည်တော် မတ် ၂၆**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း သုံးကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ၁၃ ကျောင်းတို့၌ ၂၇-၁၀-၂၀၂၅ ရက်မှ ၂၆-၃-၂၀၂၆ ရက်အထိ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ခဲ့ရာ စက်မှုကျောင်းများတွင် ဆောက်လုပ်ရေးသင်တန်း၊ လျှပ်စစ်သင်တန်း၊ ဂဟေသင်တန်း၊ မော်တော်ယာဉ်စက်ပြင်သင်တန်း၊ လက်ကိုင်ဖုန်းပြင်သင်တန်း၊ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းများ၊ အိမ်တွင်းမှုသင်တန်းကျောင်းတို့တွင် အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းနှင့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းများ၏ သင်တန်းဆင်းပွဲများကို ယနေ့နံနက်ပိုင်းတွင် ကျင်းပခဲ့ရာ ဘားအံမြို့ အိမ်တွင်းမှုသင်တန်းကျောင်းသို့ ကရင်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အလားတူ သင်တန်းဆင်းပွဲများ ကျင်းပသည့် လွိုင်ကော်မြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးစိန်ဦး၊ မုဒုံမြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် မွန်ပြည်နယ်အစိုးရအဖွဲ့မှတာဝန်ရှိသူများ၊ အောင်ပန်းမြို့ စက်မှုသင်တန်းကျောင်းတွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ ကျိုင်းတုံမြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်၊ လဟယ်မြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ ဘားအံမြို့ စက်မှုသင်တန်းကျောင်းနှင့် မြိုင်ကြီးငူ အိမ်တွင်းမှုသင်တန်းကျောင်းတို့တွင် ကရင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိုးမိုးဝင်း၊ လပွတ္တာမြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်စန်းချစ်၊ လပွတ္တာမြို့ စက်မှုသင်တန်းကျောင်းတွင် ဧရာဝတီတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးအုန်းမြင့်၊ ဆိုက်ခေါင် အိမ်တွင်းမှုသင်တန်းကျောင်းတွင် ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်း၊ တာချီလိတ်မြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးကျော်မင်းထွန်းတို့ တက်ရောက်ခဲ့ကြပြီး ကျန်တိုင်းဒေသကြီး/ပြည်နယ်များရှိသင်တန်းကျောင်းများ၌ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါသင်တန်းကျောင်းများတွင် ဖွင့်လှစ်သည့် သင်တန်းများသို့ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၅၀၈ ဦးဖြင့် ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၇ ရက်မှ ၂၀၂၆ ခုနှစ် မတ် ၂၆ ရက်အထိ ရက်သတ္တ ၂၂ ပတ်ကြာ နေထိုင်စားသောက်ရေးနှင့် လက်တွေ့ခန်းသုံးပစ္စည်းများ၊ သင်ထောက်ကူပစ္စည်းများ ပြည့်စုံစွာ အခမဲ့ထောက်ပံ့သင်ကြားပေးခဲ့ပြီး သင်တန်းထူးချွန်ဆု ရရှိသူများအား အပ်ချုပ်စက်တစ်စုံစီနှင့် သင်တန်းသား သင်တန်းသူများအတွက် သင်တန်းဆင်းအောင်လက်မှတ်များ ချီးမြှင့်ခဲ့ရာ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်နိုင်ရန် အပ်ချုပ်စက်များ အရစ်ကျရောင်းချပေးခြင်း၊ အလုပ်အကိုင်ရရှိရေးအတွက် မြို့ကြီးများရှိ အထည်ချုပ်စက်ရုံများ၊ စက်မှုဇုန်၊ အလုပ်ရုံ၊ စက်ရုံများနှင့် ဟိုတယ်ဇုန်များတွင် ဝင်ရောက်လုပ်ကိုင်နိုင်ရေး ချိတ်ဆက်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

**အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးခဲ့**

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများတွင် ဘဏ္ဍာရေးနှစ် တစ်နှစ်လျှင် သင်တန်းနှစ်ကြိမ်ဖွင့်လှစ်ပေးလျက်ရှိရာ ယနေ့အချိန်ထိ စက်မှုကျောင်းများတွင် သင်တန်းသား သင်တန်းသူ ၇၀၅၈ ဦးနှင့် အိမ်တွင်းမှုသင်တန်းကျောင်းများတွင် သင်တန်းသား သင်တန်းသူ ၉၈၁၄၈ ဦး သင်ကြားလေ့ကျင့်မွေးထုတ်ပေးခဲ့ပြီး အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ငပုတောမြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြ

**ငပုတော မတ် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြခြင်းကို ယနေ့ညနေပိုင်းက မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံး၌ ဆောင်ရွက်သည်။

ဦးစွာ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးမင်းအောင်က သရုပ်ပြပွဲပြုလုပ်ပေးရခြင်းနှင့်ပတ်သက်၍ ပြောကြားပြီး မီးဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ကြိုတင်ကာကွယ်နိုင်ရန် မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်း၊ ဆီမီးလောင်ကျွမ်းမှုအား မီးငြိမ်းသတ်နည်းများ၊ မီးသတ်ဆေးဘူး အသုံးပြုနည်းများကို ရှင်းလင်းပြောကြားကာ လက်တွေ့သရုပ်ပြခဲ့ကြောင်း သိရသည်။

**အောင်သူ(ပြန်/ဆက်)**

## လူထုအခြေပြုဗဟိုဌာန(ဗဟန်း)၌ AI နည်းပညာနှင့် စာကြည့်တိုက်သင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် မတ် ၂၆**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီတို့ ပူးပေါင်းကျင်းပသည့် AI နည်းပညာနှင့် စာကြည့်တိုက် သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဗဟန်းမြို့နယ်ရှိ လူထုအခြေပြုဗဟိုဌာန(ဗဟန်း)၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစောဂျက်ကော့ထူးက သင်တန်းဆင်း အမှာစကားပြောကြားသည်။



ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီ အဖွဲ့ဝင် ဒေါက်တာ ခင်လေးစိုးက AI နည်းပညာနှင့် စာကြည့်တိုက်သင်တန်း ဖွင့်လှစ်နိုင်မှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးနှင့်တာဝန်ရှိသူများက AI နည်းပညာနှင့် စာကြည့်တိုက် သင်တန်းတွင် သင်တန်းထူးချွန်ဆုရရှိသူများနှင့် သင်တန်းသားများအား ထူးချွန်ဆုနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**



## ခရမ်းမြို့နယ်၌ ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ်ဆိုင်ရာ အသိပညာပေး

**ခရမ်း မတ် ၂၆**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်၌ ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့မွန်းလွဲပိုင်းက ခရမ်းမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် ခရမ်းမြို့နယ် အခွန်ဦးစီးဌာနမှူး ဦးဦးထွန်းကျော်က ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ်ဆိုင်ရာနှင့်ပတ်သက်၍ အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ခင်နှင်းဝေ(ပြန်/ဆက်)**

## အောင်လံမြို့ မြို့မစည်ပင်သာယာဈေး (မြနန္ဒာဈေး)၌ မီးဘေးကာကွယ်ရေး သတိပေးဆော်ဩ

**အောင်လံ မတ် ၂၆**

အောင်လံမြို့နယ်တွင် ပေါ့ဆမှုကြောင့် မီးဘေးအန္တရာယ် မဖြစ်ပေါ်စေရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို မြို့နယ်အဆင့်ဌာနဆိုင်ရာများက ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ဆောင်ရွက်လျက်ရှိရာ မတ် ၂၅ ရက် ညနေ ၅ နာရီခွဲတွင် အောင်လံမြို့ မြို့မစည်ပင်သာယာဈေး (မြနန္ဒာဈေး)၌ ဈေးပိတ်ချိန် မီးကြွင်းမီးကျန် မကျန်ရှိစေရေး၊ မီးသတ်ယာဉ် အရေးပေါ် ဝင်/ထွက်နိုင်စေရန် အမိုး/ဗီနိုင်းများ ဖြုတ်သိမ်းခဲ့ရန်၊ မီးခလုတ်များသေချာပိတ်ခဲ့ရန်နှင့် ဆိုလာတပ်ဆင်ထားသည့် ဆိုင်ခန်းများတွင် စနစ်တကျဖြုတ်သိမ်းခဲ့ရန်တို့ကို သတိပေးဆော်ဩခဲ့ကြောင်း သိရသည်။

အဆိုပါသတိပေးဆော်ဩခြင်းကို အောင်လံမြို့နယ်မီးသတ်ဦးစီး



ဌာန ဒုတိယမီးသတ်ဦးစီးမှူး ဦးဇေယျာသက်ခိုင်နှင့် တာဝန်ရှိသူများက စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကောင်းစစ်နိုင်**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့တွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းကို မတ် ၂၆ ရက် မွန်းလွဲပိုင်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရုံး အတွင်း၌ ကျင်းပစဉ်။

မိုးဟိန်းထက်



ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု

# တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပ



**တောင်ကြီး မတ် ၂၆**

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ရှမ်းပြည်နယ်လွှတ်တော်ရုံး၌ ကျင်းပသည်။

ဦးစွာ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံကျော်က ပြည်နယ်လွှတ်တော်သို့ တက်ရောက်ခွင့်ရှိသူ လွှတ်တော်ကိုယ်စားလှယ် ၉၉ ဦး၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ၃၃ ဦး စုစုပေါင်း လွှတ်တော်ကိုယ်စားလှယ် ၁၃၂ ဦးရှိသည့်အနက် ၁၂၈ ဦး တက်ရောက်ပြီး ရာခိုင်နှုန်းအားဖြင့် ၉၆ ဒသမ ၉၇ ရာခိုင်နှုန်းရှိသည့်အတွက် ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးထံမှ ပေးပို့သောသဝဏ်လွှာကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်သို့ ဖတ်ကြားတင်ပြပြီး မှတ်တမ်းတင်သည်။

ယင်းနောက် ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစိုင်းထွန်းစိန်က ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၊ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီ၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီတို့၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် လျာထားချက်များနှင့်စပ်လျဉ်း၍ ဖတ်ကြားရှင်းလင်းတင်ပြပြီး ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ကော်မတီများတွင် ထည့်သွင်းဖွဲ့စည်းမည့် ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့ ဖတ်ကြားတင်ပြသည်။

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို မတ် ၃၀ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာခဲ့ကြောင်း သိရသည်။ **စိုင်းအယ်ဘဲ**

# တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပ

**မန္တလေး မတ် ၂၆**

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် ၇၂ ဦး၊ လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ သတင်းမီဒီယာသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၊ တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးဆိုင်ရာ ကော်မတီများဖွဲ့စည်းရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ယင်းကော်မတီများအား ဖွဲ့စည်းရန်လျာထားသည့် အဖွဲ့ဝင်ဦးရေ၊ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်တို့၏ အမည်စာရင်းများကို လွှတ်တော်သို့ တင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်က ယင်းကော်မတီများ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ၎င်းနောက် ကော်မတီ ဖွဲ့စည်းခြင်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်းကို ပေးသွင်းနိုင်ကြောင်း ကြေညာသည်။




ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ပေးပို့လာသည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌကဖတ်ကြားပြီး လွှတ်တော်တွင် မှတ်တမ်းတင်သည်။

မန္တလေး တိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ရပ်နားပြီး အစည်းအဝေး တတိယနေ့ကို မတ် ၃၀ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မြင့်မော်ထွန်း(ပြန်/ဆက်)**



# တတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပ

**ဘားအံ မတ် ၂၆**

တတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ဘားအံမြို့ ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ၂၃ ဦးအနက် ၂၂ ဦး တက်ရောက်သည်။

အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်စိစစ်ရေးနှင့် အခွင့်အရေးဆိုင်ရာကော်မတီ၊ ပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီနှင့် ပြည်နယ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီများ ဖွဲ့စည်းနိုင်ရေးအတွက် ကြေညာပြီး ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌက ယင်းကော်မတီများ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များနှင့်စပ်လျဉ်း၍ပြည်နယ်လွှတ်တော်သို့တင်ပြကာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ရယူရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက သဘောတူညီကြသည့်အတွက် အတည်ပြုကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် စိစစ်ရေးနှင့် အခွင့်အရေးဆိုင်ရာကော်မတီ၊ ပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီနှင့် ပြည်နယ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီများ၏ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းများကို ပြည်နယ်လွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက သဘောတူညီကြသည့်အတွက် အတည်ပြုကြောင်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ကြေညာခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# တတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပ

**စစ်တွေ မတ် ၂၆**

တတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ရခိုင်ပြည်နယ်လွှတ်တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ စတင်ကျင်းပကြောင်းနှင့် အထမြောက်ကြောင်း ကြေညာသည်။ ယင်းနောက် တတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့သို့ မတက်ရောက်နိုင်သည့် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားကာ ပြည်နယ်လွှတ်တော်၏အဆုံးအဖြတ်ကို ရယူသည်။

ဆက်လက်၍ပြည်ထောင်စုလွှတ်တော်နာယကက ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံသို့ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာကို လွှတ်တော်က မှတ်တမ်းတင်ထားရှိမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဖွဲ့စည်းရန်လျာထားသည့် ဥပဒေပြုရေးကော်မတီ၊ တိုင်းရင်းသားလူမျိုးများအရေး လေ့လာရေးကော်မတီနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီများ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းများနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးရန် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက အမည်စာရင်း တင်သွင်းလာခြင်းမရှိသဖြင့် ဖွဲ့စည်းမည့် ဥပဒေပြုရေးကော်မတီ၊ တိုင်းရင်းသားလူမျိုးများ အရေးလေ့လာရေးကော်မတီနှင့်ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီများ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းများနှင့်စပ်လျဉ်း၍ အတည်ပြုကြောင်း ကြေညာခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



# စီအင်န်ဂျီသုံး ဝိုင်ဘီအက်စ်ယာဉ်များ သတ်မှတ်ခရီးစဉ် လမ်းကြောင်းအတိုင်းပြေးဆွဲခြင်းမရှိဘဲ ကြိုပို့ဆောင်ရွက်ပါက စီအင်န်ဂျီပိတ်သိမ်းအရေးယူသွားမည်



ရန်ကုန် မတ် ၂၆

စီအင်န်ဂျီသုံး ဝိုင်ဘီအက်စ်ယာဉ်များ သတ်မှတ်ခရီးစဉ်လမ်းကြောင်းအတိုင်း ပြေးဆွဲခြင်းမရှိဘဲ ကြိုပို့ဆောင်ရွက်ပါက စီအင်န်ဂျီပိတ်သိမ်းအရေးယူသွားမည်ဖြစ်ကြောင်း ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီးပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ(YRTC)၌ ပြုလုပ်သည့် မီဒီယာတွေ့ဆုံပွဲမှ သိရသည်။

"ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ရဲ့ ညွှန်ကြားချက်အရ ဝိုင်ဘီအက်စ်ယာဉ်ထွက်အင်အားတိုးတက်လာဖို့၊ ယာဉ်တွေများများပြေးဆွဲနိုင်ဖို့အတွက် စီအင်န်ဂျီသုံးဝိုင်ဘီအက်စ်ယာဉ်တွေ သတ်မှတ်ခရီးစဉ်လမ်းကြောင်းအတိုင်းမပြေးဆွဲဘဲ ကြိုပို့ယာဉ်အဖြစ်ဆောင်ရွက်တာတို့၊ တခြားနည်းအသုံးပြုတာတို့လုပ်ခဲ့ရင် စီအင်န်ဂျီပိတ်သိမ်းတဲ့အထိအရေးယူသွားမှာဖြစ်ပါတယ်" ဟု YRTC တွဲဖက်အတွင်းရေးမှူး ဦးလျှန်ကျင့်မန်က ပြောသည်။

ယခုနှစ် မတ်လဆန်းပိုင်းတွင် ဝိုင်ဘီအက်စ်ယာဉ်လိုင်း ၁၃၂ လိုင်း၊ ယာဉ်စီးရေ ၃၄၀၀ ခန့် နေ့စဉ်ပြေးဆွဲပေးနေပြီး ခရီးသည် ၁ ဒသမ ၄၆ သန်းခန့်ရှိရာမှ စက်သုံးဆီကန့်သတ်ချက်ကြောင့် စုံ/မ စနစ်ကျင့်သုံးသည့်ကာလ လက်ရှိအချိန်တွင် ယာဉ်လိုင်းပေါင်း ၁၃၂ လိုင်း၊ ယာဉ်စီးရေ ၃၅၀၀ ခန့် နေ့စဉ်ပြေးဆွဲပေးနေပြီး ခရီးသည် ၁ ဒသမ ၇ သန်းခန့်ထိရှိလာရာ ယခင်ထက် ခရီးသည်အရေအတွက် ၂၅၀၀၀၀ ကျော် တိုးတက်စီးနင်းလာကြောင်း YRTC မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ ဒီဇယ်သုံး ဝိုင်ဘီအက်စ်ယာဉ်များအားတစ်ရက်လျှင် ဒီဇယ် လီတာ ၂၀ ကို တန်းစီဝယ်ယူနေရခြင်းမှ နေ့စဉ် လီတာ ၄၀ ကို ညဥ့်အချိန်တွင်ဆီဖြည့်ပြီး ခါက်ရေပြည့်မီအောင်ပြေးဆွဲနိုင်ရေး စီစဉ်ပေးခြင်းကြောင့် ခရီးသွားပြည်သူများအတွက် ယာဉ်ထွက်စီးရေတိုးတက်လာမည်ဖြစ်ကြောင်း၊ YRTC ၏ကြီးကြပ်မှုအောက်တွင် ဝိုင်ဘီအက်စ်ယာဉ်လိုင်းကုမ္ပဏီ ၂၁ ခု၊ ယာဉ်လိုင်း ၁၄၅ လိုင်း၊ ယာဉ်စီးရေ ၅၄၃၈ စီးရှိပြီး စီအင်န်ဂျီအသုံးပြုယာဉ် ၅၀၁၃ စီး၊ ဒီဇယ်အသုံးပြုယာဉ် ၄၂၃ စီးရှိကြောင်း သိရသည်။

ကိုထက်

## အင်းစိန်မြို့နယ်၌ ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ်အကြောင်း အသိပညာပေးဆွေးနွေး

ရန်ကုန် မတ် ၂၆

ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ်အကြောင်း အသိပညာဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



### ဆွေးနွေး

ဆွေးနွေးပွဲတွင် အင်းစိန်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဗိုလ်မှူးသုခလှိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကျော်ဟိန်းတို့က အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်အိအိဖြူက ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ် ( CEIR) အကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် မိုဘိုင်းဖုန်းဆိုင်များက သိလိုသည်များကို မေးမြန်းရာ မြို့နယ်အခွန်ဦးစီးဌာနမှူးက ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ဇင်မင်းထိုက်(ပြန်/ဆက်)



## ကော့မှူးမြို့ မြို့မဈေး၌ ဈေးပိတ်ချိန်အတွင်း မီးကြွင်းမီးကျန်များ မကျန်ရှိစေရေး လိုက်လံစစ်ဆေး

ကော့မှူး မတ် ၂၆

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် မီးသတ်ဦးစီးဌာနက မြို့နယ်အတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး ယမန်နေ့ည ၈ နာရီတွင် အသိပညာပေးနှိုးဆော်ခြင်းနှင့် မြို့မဈေးကြီး၌ ဈေးပိတ်ချိန်အတွင်း မီးကြွင်းမီးကျန်များ မကျန်ရှိစေရေး လိုက်လံစစ်ဆေးဆောင်ရွက်သည်။

ထိုသို့လိုက်လံစစ်ဆေးရာတွင် ပြည်တော်သာရပ်ကွက်ရှိ မြို့မဈေးအား ဈေးပိတ်ချိန်တွင် မီးကြွင်းမီးကျန်များကျန်ရှိမှုမရှိစေရေး၊ လုံခြုံရေးမီးလိုင်းမှအပ မလိုအပ်သောလျှပ်စစ်မီးလိုင်းများပိတ်ထားရေး၊ ဈေးလုံခြုံရေးအတွက် မီးကင်းများစနစ်တကျချထားရေးနှင့် အခြားသောမီးဘေးလုံခြုံရေးကိစ္စရပ်များကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်နှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ခုနစ်ဦးနှင့် တာဝန်ရှိသူများက စစ်ဆေးဆောင်ရွက်ခဲ့ပြီး မြို့နယ်အတွင်း မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် အသိပညာပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျော်သူရ(ကော့မှူး)

## ရန်ကင်းမြို့နယ်၌ ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ်ဆိုင်ရာ အသိပညာပေးဟောပြော

ရန်ကုန် မတ် ၂၆

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကင်းမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

ဦးစွာ ရန်ကင်းမြို့နယ် အခွန်ဦးစီးဌာနမှူး ဒေါ်ဟန်သီစုလှိုင်က ဗဟိုမိုဘိုင်းစက်ပစ္စည်းသက်သေခံမှတ်ပုံတင်စနစ်ဆိုင်ရာနှင့်ပတ်သက်၍ ပြည်သူများ ပိုမိုသိရှိနိုင်ရေး အသိပညာပေးဟောပြောပြီး တက်ရောက်လာကြသည့်လုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်းသိရသည်။

လှလှထွေး(ပြန်/ဆက်)



## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် မတ် ၂၆

ယနေ့ ည ၉ နာရီ ၁၆ မိနစ် ၅၀ စက္ကန့်အချိန်တွင် ညောင်ဦးမြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၆၃ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (ဂန့်ဂေါမြို့၏ အရှေ့တောင်ဘက် ၂၁ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၁ ဒသမ ၉၆ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၃၇ ဒီဂရီ၊ အနက် ၄၃ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၄ ဒသမ ၂(M) အဆင့်ရှိအင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ **မိုး/ဇလ**

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

## ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ် စတင်အသုံးပြုခြင်း အခွန်ပညာပေးရှင်းလင်း

ရန်ကုန် မတ် ၂၆

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာနရုံးက မိုဘိုင်းလက်ကိုင်ဖုန်းများ တရားမဝင်တင်သွင်းမှုမှ တားဆီး ကာကွယ်ရေးအတွက် ဗဟိုမိုဘိုင်းစက်ပစ္စည်းသက်သေခံမှတ်ပုံတင်စနစ် (CEIR) စတင်အသုံးပြုခြင်း အခွန်ပညာပေးရှင်းလင်းပွဲကို ယနေ့နံနက်ပိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဇော်မိုးအောင်က အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးမြဦးက သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာအသုံးချ၍ မိုဘိုင်းဖုန်းများ၏ မူရင်းအမှတ်အသားကို စစ်မှန်မှု ရှိ/မရှိ စစ်ဆေးခြင်း၊ အခွန်အကောက်ဆိုင်ရာကိစ္စရပ်များနှင့် အခွန်ပေးဆောင်မှုဆိုင်ရာ ကိစ္စရပ်များကို အွန်လိုင်းစနစ်ဖြင့် အလွယ်တကူ ဆောင်ရွက်နိုင်ခြင်းနှင့် မိုဘိုင်းဖုန်းသုံးစွဲသူ ပြည်သူများအနေဖြင့် ၎င်းတို့၏ မိုဘိုင်းဖုန်းများကို ပြည်တွင်း၌ စိတ်ချယုံကြည်စွာ အသုံးပြုနိုင်ခြင်း စသည်တို့ကို အသိပညာပေး ရှင်းလင်းခဲ့ကြောင်း သိရသည်။

ဟန်စုယဉ်



# ကျောက်တံခါးမြို့နယ်၌ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုင်ရာ သိကောင်းစရာဟောပြောပွဲ ကျင်းပ

ကျောက်တံခါး မတ် ၂၆

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်တွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ဦးဆောင်ပြုလုပ်သည့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုင်ရာသိကောင်းစရာများ ဟောပြောပွဲကို မတ် ၂၄ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင့်ဝါအောင်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မြို့နယ်ဥပဒေရုံးတို့မှ တာဝန်ရှိသူများက အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုင်ရာ ပြစ်မှုနှင့် ပြစ်ဒဏ်များအကြောင်းတို့ကို ကဏ္ဍအလိုက် ဟောပြောဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

✛ အာရှဖလားမှ

ပွဲမစတင်မီ မတ် ၂၃ ရက်က ကွယ်လွန်ခဲ့သည့် ငွေခေတ်မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်း၊ မြန်မာ့လက်ရွေးစင် အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်း နည်းပြချုပ်ဟောင်း၊ အုပ်ချုပ်သူဟောင်း၊ မြန်မာ ယူ-၂၃ အသင်းနည်းပြချုပ်ဟောင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူးဟောင်း၊ နည်းစနစ်ဒါရိုက်တာဟောင်း၊ နည်းစနစ်ကော်မတီဥက္ကဋ္ဌ ဦးတင်မြင့်အောင် (အသက် ၅၉ နှစ်) အတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ် တစ်မိနစ်ငြိမ်သက်သည်။

ယခုပွဲကို အာဖဂန်နစ္စတန်အသင်းက အိမ်ကွင်းလက်ခံကစားရမည်ဖြစ်သော်လည်း အိမ်ကွင်းလက်ခံကျင်းပနိုင်ခြင်း မရှိသည့်အပြင် ယခင်က ကာတာနိုင်ငံ၌ကစားရန် စီစဉ်ထားသော်လည်း အရှေ့အလယ်ပိုင်းနိုင်ငံများ၌ ဖြစ်ပေါ်နေသည့် အခြေအနေများကြောင့် မြန်မာနိုင်ငံတွင်သာ ကစားရန် နှစ်ဖက်ဘောလုံးအဖွဲ့ချုပ် သဘောတူညီမှုရခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် မြန်မာအသင်းသည် အာဖဂန်နစ္စတန်အသင်းနှင့် နှစ်ကျော့စလုံးကို အိမ်ကွင်းကစားခဲ့ရပြီး နှစ်ကျော့စလုံး အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် ပထမအကျော့အတိုင်း ဦးဆောင်ဂိုးစတင်ခွင့်ပြုခဲ့ရသော်လည်း ချေပဂိုးနှင့် အနိုင်ဂိုး ပြန်သွင်းကာ အနိုင်သုံးမှတ်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ခြေစစ်ပွဲအောင်မြင်ခွင့်မရှိသော်လည်း လက်ကျန်ပွဲများကို ရလဒ်ကောင်းအောင်ကြိုးစားနေပြီး ယခုပွဲအနိုင်ရလဒ်ကြောင့် ဒုတိယနေရာရရန် သေချာခဲ့သည်။

ယခုပွဲတွင် မြန်မာအသင်းခေါင်းဆောင်အဖြစ် နန္ဒကျော်က တာဝန်ယူခဲ့ပြီး ဆန်းဆက်နိုင်(ဂိုး)၊ ဟိန်းဖြိုးဝင်း၊ ကျော်မင်းဦး၊ ဟိန်းဇေယျာလင်း၊ ဝေလင်းအောင်၊ လွင်မိုးအောင်၊ ဇော်ဝင်းသိန်း၊ မြတ်ကောင်းခန့်၊ ဟိန်းထက်အောင်၊ သန်းပိုင်တို့ ပွဲထွက်ကစားခဲ့သည်။ ပွဲအစ ၁၀ မိနစ်တွင် ဂိုးသမား ဆန်းဆက်နိုင်အမှားမှတစ်ဆင့် အိုမစ်က အာဖဂန်နစ္စတန်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်းက ချေပဂိုးရရန် တောက်လျှောက်ကြိုးပမ်းခဲ့သော်လည်း အဆုံးသတ်ပိုင်းအားနည်းနေသဖြင့် ဂိုးရရန် ရုန်းကန်ခဲ့ရပြီး ပထမပိုင်းပြီးခါနီးမှ ဂိုးပြန်ရခဲ့သည်။ မြန်မာအသင်းအတွက် ချေပဂိုးကို တိုက်စစ်မှူး သန်းပိုင်က သွင်းယူခဲ့ပြီး သန်းပိုင်သည် ပထမအကျော့တွင်လည်း မြန်မာအသင်းအတွက် ချေပဂိုးသွင်းယူခဲ့သူဖြစ်သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ကစားသမားများပြောင်းလဲကာ တိုက်စစ်မြှင့်ခဲ့ပြီး ၇၄ မိနစ်တွင် လူစားဝင်တိုက်စစ်ကစားသမား ခွန်ကျော်ဇင်ဟိန်းက အနိုင်ဂိုးသွင်းယူခဲ့သည်။

မြန်မာအသင်းသည် ငါးပွဲကစား ကိုးမှတ်၊ အာဖဂန်နစ္စတန်အသင်းက ငါးပွဲကစား နှစ်မှတ်ရထားပြီး မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် မတ် ၃၁ ရက်တွင် ပါကစ္စတန်အသင်းနှင့် အဝေးကွင်း ကစားရမည်ဖြစ်သည်။

သတင်း-ကိုညီလေး

ဓာတ်ပုံ-စိုးညွန့်သော်

## "ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း"

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၉၊ မြေကွက်အမှတ် -၆၁၂၊ အကျယ်အဝန်း(၄၀ပေx ၆၀ ပေ)၊ (၂၄၀၀) စတုရန်းပေ၊ ဧရိယာ(၀.၀၅၅)ဧကရှိပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အမှတ်-၆၁၂၊ စစ်တောင်းလမ်း၊ (၇၉) ရပ်ကွက်၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**တို့သည် ရန်ကုန်မြို့၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် **ဒေါ်လှလှ (C/RGN-၀၁၀၆၈၃)**အမည်ပေါက်လျက်ရှိသော ပါမစ်မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား (၁၀-၂-၂၀၂၆)ရက်စွဲပါ ဆက်စပ်စာချုပ်အရ အရှုပ်အရှင်းကင်းရှင်းစွာဖြင့် လက်ဝယ်ရှိရောင်းချပိုင်ခွင့်ရှိသူ ရောင်းသူ ဦးထွန်းဝင်း [၁၁/မပန(နိုင်) ၀၅၁၉၆၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးဖြိုး [၇/ပခန(နိုင်) ၃၇၆၄၂၆] မှ ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၈၂၆)**
**အမှတ် (၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၅၀၀၃၁၂၉၂**

## "ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း"

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၁၅၃၊ မြေကွက်အမှတ် -၈၀၀၊ အကျယ်အဝန်း(၄၀ပေx ၆၀ပေ)၊ (၂၄၀၀) စတုရန်းပေ၊ ဧရိယာ (၀.၀၅၅) ဧကရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**တို့သည် ရန်ကုန်မြို့၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် **ဒေါ်တင်ဝင်း [၁၂/လမန(နိုင်) ၀၆၄၅၅၇] (TKA-၁၁၈၅၈၂)** အမည်ပေါက်လျက်ရှိသော ပါမစ်မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား (၂၈-၃-၂၀၂၅)ရက်စွဲပါ ဆက်စပ်စာချုပ်အရ အရှုပ်အရှင်းကင်းရှင်းစွာဖြင့် လက်ဝယ်ရှိရောင်းချပိုင်ခွင့်ရှိသူ ရောင်းသူ ဦးကျော်မင်းနိုင် [၁၂/ဒဂတ(နိုင်)၁၂၇၅၀၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဟန်စိုးလင်း [၁၂/လမန(နိုင်) ၁၃၉၁၃၁]မှ ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၈၂၆)**
**အမှတ် (၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၅၀၀၃၁၂၉၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၆ ဂျေ၊ မြေကွက်အမှတ်- ၁၁၄-အင်န်/၁-ဘီ ၊ဧရိယာ-(၀. ၁၃၄)ဧကအကျယ်အဝန်းရှိ မြေပိုင်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ကမ္ဘောဇလမ်းသွယ် (အတွင်းလမ်း)၊ အမှတ်-၁၁/က ဟုခေါ်တွင်သော မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မြေအမည်ပေါက်သူဖြစ်သော ဒေါ်အေးသန္တာစိုး [၁၂/တမန(နိုင်)၀၉၇၄၄၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ကန့်ကွက်ရန်အကြောင်းရှိခဲ့ပါလျှင် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ဆက်သွယ်ပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေများ တရားဝင်အမည်ပေါက်ပိုင်ဆိုင်သည်အထိ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ ဦးအောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ဝင်းထွန်း (LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၀၃)**
**ရုံးခန်းအမှတ်-၅၊ ပထမထပ်၊ Strand Condominium၊ အမှတ်-၃၃/၄၉၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (ဘားလမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၀၀၃၉၂၁၀**



# မြန်အောင်မြို့နယ်၌ မီးဘေးလုံခြုံရေး အသိပညာပေး

မြန်အောင် မတ် ၂၆

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနရုံးတွင် မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြမီးငြှိမ်းသတ်ခြင်းများကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲအောင် ဦးစီး၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေး အသိပညာပေးခြင်းများ ဟောပြောပြီး မီးဘေးလုံခြုံရေးတွင် ဆောင်ရွက်ထားရှိရမည့် ရှေးဦးမီးငြှိမ်းသတ်ရေးပစ္စည်းများနှင့် ဆောင်ရွက်ထားရှိရမည့်ပစ္စည်းများကို ပြောကြားကာ မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြှိမ်းသတ်သရုပ်ပြသင်ကြားခဲ့ကြောင်း သိရသည်။

ရောဦးသာ

## မိုဘိုင်းလက်ကိုင်ဖုန်း (Handset)များကို တင်သွင်းခြင်း၊ ပြည်ပမှ ဝယ်ယူ/သယ်ဆောင်လာခြင်းနှင့် ပြည်တွင်း၌ဝယ်ယူခြင်းတို့နှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးကြေညာခြင်း

၁။ **၂၀၂၆ ခုနှစ်၊ ဧပြီလ(၁)ရက်နေ့မှစ၍** ပြည်ပမှတင်သွင်းသည့် မိုဘိုင်းလက်ကိုင်ဖုန်း (Handset)များ၊ နည်းလမ်းအမျိုးမျိုးဖြင့် ပြည်ပမှ ဝယ်ယူ/သယ်ဆောင်လာသည့် မိုဘိုင်းလက်ကိုင်ဖုန်း(Handset)များ၊ ပြည်တွင်းတွင် မိုဘိုင်းလက်ကိုင်ဖုန်း(Handset)များ ဝယ်ယူခြင်းများနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ကြရမည်ဖြစ်ပါသည်-

(က) **ပြည်ပမှ တင်သွင်းသည့် မိုဘိုင်းလက်ကိုင်ဖုန်း(Handset)များ။** မိုဘိုင်းလက်ကိုင်ဖုန်း (Handset) များကို ပြည်ပမှတင်သွင်းမည့်သူများအနေဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတွင် တင်သွင်းမည့် မိုဘိုင်းလက်ကိုင်ဖုန်း(Handset)များအတွက် နည်းပညာဆိုင်ရာ စံချိန်စံညွှန်းထောက်ခံချက်ကို လျှောက်ထားရယူပြီး အဆိုပါထောက်ခံချက်နှင့်အတူ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနတွင် သွင်းကုန်လိုင်စင် လျှောက်ထားရယူ၍ လုပ်ထုံးလုပ်နည်းနှင့်အညီ တရားဝင်တင်သွင်းကြရမည် ဖြစ်ပါသည်၊

(ခ) **နည်းလမ်းအမျိုးမျိုးဖြင့် ပြည်ပမှ ဝယ်ယူ/ သယ်ဆောင်လာသည့် မိုဘိုင်းလက်ကိုင်ဖုန်း (Handset) များ။** နည်းလမ်းအမျိုးမျိုးဖြင့် ပြည်ပမှ ဝယ်ယူ/သယ်ဆောင်လာသည့် မိုဘိုင်းလက်ကိုင်ဖုန်း(Handset) များကို မိုဘိုင်းဆက်သွယ်ရေးကွန်ရက်များနှင့် စတင်ချိတ်ဆက်အသုံးပြုချိန်မှ ရက်ပေါင်း (၃၀) အတွင်း ယာယီအသုံးပြုခွင့်ရရှိမည်ဖြစ်ပြီး ယင်းကာလအတွင်း ကျသင့်အခွန်နှင့်ဒဏ်ကြေးများ ပေးဆောင်ပြီးမှသာ ဆက်လက်အသုံးပြုခွင့်ရရှိမည်ဖြစ်ပါသည်၊

(ဂ) **ပြည်တွင်းတွင် မိုဘိုင်းလက်ကိုင်ဖုန်း (Handset) များ ဝယ်ယူခြင်း။** ပြည်တွင်းတွင်မိုဘိုင်းလက်ကိုင်ဖုန်း (Handset)များ ဝယ်ယူသည့်အခါ ရောင်းချသူများထံမှ ပြေစာတောင်းခံခြင်းနှင့် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားခြင်း ရှိ/မရှိကို စစ်ဆေးခြင်း၊ CEIR Public Portal မှတစ်ဆင့် အခွန်ပေးဆောင်ထားခြင်းရှိ/မရှိ စစ်ဆေးခြင်းတို့ကို လုပ်ဆောင်ပြီးမှသာ ဝယ်ယူကြရန် လိုအပ်မည်ဖြစ်ပါသည်။

၂။ အသေးစိတ်သိရှိလိုပါက အင်တာနက်စာမျက်နှာတွင် လွှင့်တင်ထားသော https://ceir.gov.mm ၌ ကြည့်ရှု၍ဖြစ်စေ၊ CEIR Call Center နံပါတ်များဖြစ်သည့် ၁၅၇၇ နှင့် ၁၇၅၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း၍ဖြစ်စေ ဆောင်ရွက်နိုင်ပါကြောင်းအသိပေးအပ်ပါသည်။

**CEIR နှင့် EIR စနစ် စီမံကိန်းဦးစီးကော်မတီ**

## CEIR Importer Portal အသုံးပြုခွင့် မှတ်ပုံတင်လျှောက်ထားခြင်းနှင့် ပတ်သက်၍ အသိပေးကြေညာချက်

၁။ ၂၀၂၆ ခုနှစ်၊ ဧပြီလ(၁) ရက်နေ့မှစ၍ မိုဘိုင်းလက်ကိုင်ဖုန်း(Handset) များနှင့် မိုဘိုင်းကွန်ရက်သုံးဆက်သွယ်ရေးပစ္စည်းများကို ပြည်ပမှတင်သွင်းလိုသည့်ကုမ္ပဏီများအနေဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ တင်သွင်းဆောင်ရွက်ကြရမည်ဖြစ်ပြီး ကျသင့်အခွန်များကို ပေးဆောင်ပြီးပါက CEIR စနစ်ရှိ ခွင့်ပြုစာရင်းတွင် ထည့်သွင်းပေးသွားမည်ဖြစ်ပါသည်။

**အဆင့်(၁) နည်းပညာဆိုင်ရာစံချိန်စံညွှန်းထောက်ခံချက်လျှောက်ထားခြင်း**

၂။ ဆက်သွယ်ရေးဥပဒေ၊ အခန်း(၈)၊ နည်းပညာဆိုင်ရာ စံချိန်စံညွှန်းများ ပုဒ်မ ၂၇ အရ ကွန်ရက်အထောက်အကူပြုပစ္စည်း သို့မဟုတ် ဆက်သွယ်ရေးစက်ပစ္စည်းတစ်မျိုးမျိုးကို ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း သို့မဟုတ် ဖြန့်ချိခြင်းပြုလုပ်လိုသူသည် မိမိထုတ်လုပ်ခြင်း၊ ရောင်းချခြင်း သို့မဟုတ် ဖြန့်ချိခြင်းပြုမည့် ကွန်ရက်အထောက်အကူပြုပစ္စည်း သို့မဟုတ် ဆက်သွယ်ရေးစက်ပစ္စည်းအမျိုးအစားများ၏ နည်းပညာဆိုင်ရာ စံချိန်စံညွှန်းထောက်ခံချက်ရရှိရန် သတ်မှတ်ထားသည့်အတိုင်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့ လျှောက်ထားရမည်ဖြစ်ပါသည်။

**အဆင့်(၂) သွင်းကုန်လိုင်စင် လျှောက်ထားခြင်း**

၃။ မိုဘိုင်းလက်ကိုင်ဖုန်း(Handset) များနှင့် မိုဘိုင်းကွန်ရက်သုံးဆက်သွယ်ရေးပစ္စည်းများအတွက် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ တင်သွင်းခွင့်ထောက်ခံချက် ရရှိပြီးပါက အဆိုပါထောက်ခံချက်ဖြင့် ကုန်သွယ်ရေးဦးစီးဌာန၏ TradeNet 2.0 စနစ်တွင် သွင်းကုန်လိုင်စင်လျှောက်ထားခြင်းကို လုပ်ဆောင်ရမည်ဖြစ်ပါသည်။

**အဆင့်(၃) CEIR စနစ်တွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ**

၄။ သွင်းကုန်လိုင်စင်ဖြင့် ပြည်ပမှတင်သွင်းလာသော မိုဘိုင်းလက်ကိုင်ဖုန်း(Handset) များ တင်သွင်းသူများအနေဖြင့် CEIR ID လျှောက်ထားနိုင်ရန်အတွက် ဦးစွာ CEIR Importer Portal အသုံးပြုခွင့် (System User Registration) ကို အောက်ဖော်ပြပါ အထောက်အထားများ တင်ပြလျှောက်ထားရမည်ဖြစ်ပါသည်-

(က) ကုမ္ပဏီ၏ Letter Head ပါ လျှောက်လွှာ
(ခ) ကုမ္ပဏီမှတ်ပုံတင်လက်မှတ်(မိတ္တူ)
(ဂ) အခွန်ထမ်းမှတ်ပုံတင်လက်မှတ်(မိတ္တူ)
(ဃ) ကုန်သွယ်ရေးဦးစီးဌာန၏ သွင်းကုန်လိုင်စင်(မိတ္တူ)
(င) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)
(စ) ဒါရိုက်တာ(၁)ဦး လက်မှတ်ရေးထိုးထားသည့် ကိုယ်စားလှယ်လွှဲစာ (ကိုယ်စားလှယ်ဖြင့် ဆောင်ရွက်ပါက)

၅။ **လျှောက်ထားရမည့် ရုံးနေရာ**

CEIR Technical Support Center ၊ ရုံးအမှတ်(၄၆)၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ နေပြည်တော်၊
ဖုန်းနံပါတ် ၀၆၇-၃၄၃၀၀၃၂၊
email - importerportaladmin.ceir@ird.gov.mm

**CEIR နှင့် EIR စနစ် စီမံကိန်းစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့**

## ကြော်ငြာစာ
## အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ- ၂၈၃
## မှော်ဘီခရိုင်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၁၁
## ကွယ်လွန်သူ ဦးကျော်သောင်း၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

ဒေါ်ကြည် လျှောက်ထားသူ

**လက်ပံတန်းစုကျေးရွာ(အနောက်ပိုင်း)၊ လက်ပံတန်းစုကျေးရွာအုပ်စု၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင်နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးကျော်သောင်း** ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်စာ ထုတ်ပေးပါမည့်အကြောင်းနှင့် လျှောက်ထားသူက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို **၂၀၂၆ ခုနှစ်၊ ဧပြီလ ၂ ရက်နေ့ (၁၃၈၇-၈၈) ခုနှစ်၊ နှောင်းတန်ခူးလဆုတ် ၁ ရက်နေ့)**တွင် ချိန်းဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ **ဦးကျော်သောင်း**၏ ကျန်ရစ်ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည့် အဆိုရှိသူတို့အား အဆိုပါအမှုတွင်၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင်)ဆိုခဲ့သော **၂၀၂၆ ခုနှစ်၊ ဧပြီလ ၂ ရက်နေ့ (၁၃၈၇-၈၈ခုနှစ်၊ နှောင်းတန်ခူးလဆုတ် ၁ ရက်နေ့)** နံနက်(၁၀) နာရီတွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာမထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် အမှုအကြောင်းအရာတွင် စီရင်ချက်ချလိမ့်မည်ဖြစ်သည်။

၂၀၂၆ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့၌ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ဝင်းခင်မိုးဆင့်)**
**ခရိုင်တရားသူကြီး**
**မှော်ဘီခရိုင်တရားရုံး**

## ဖခင်အမည်မှန်

တောင်ကြီးမြို့၊ ILBC International School မှ Primary(4) ဖြေဆိုထားသော မသုသုနဒီအောင်၏ ဖခင်အမည်မှန်မှာ ဦးထက်အောင်ဝေ [၁၃/တကန(နိုင်)၂၇၅၂၂၉] ဖြစ်ပါကြောင်း။

## ပြင်ဆင်ဖတ်ရှုပါရန်

(၂၀-၃-၂၀၂၆) ရက်နေ့ ကြေးမုံသတင်းစာ၊ စာမျက်နှာ (၂၈)ပါ တရားလွှတ်တော်ရှေ့နေ ဦးခင်မောင်လတ်၏ ကြော်ငြာတွင် မောင်ထက်မျိုးဦးမှ မောင်ထက်ချိုဦးသို့ ပြင်ဆင်ဖတ်ရှုပါရန်။

## ပျောက်ဆုံးကြောင်း

ဦးမြင့်ကျော်ညွှန့် (ဘ) ဦးသိန်းညွှန့်[၁၂/အစန (နိုင်) ၀၂၂၇၇၆] ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၁၆၆၇၅၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁/ထူပါရုံရပ်ကွက်၊ ထူပါရုံ(၁၇)လမ်း အနောက်၊ အမှတ်(၇၆၈/ခ)၊ (၁)ခန်းတည်း (၅)ထပ်တိုက်၏ ဒုတိယထပ်၊(၃)လွှာ၊ (၁၈x၅၄)ပေရှိ တိုက်ခန်းနှင့်ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့ကို လက်ရှိထားပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဒေါ်နုနုအေး [၁၄/လပတ(နိုင်)၁၁၉၅၉၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝင်းလဲ့စိုး[၅/တဆန(နိုင်) ၁၀၃၈၀၄]၊ ဦးမင်းထက်စိုး[၅/တဆန(နိုင်)၁၂၆၂၁၃]တို့က အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန် တိုက်ခန်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောတရားဝင်စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့သတင်းစာကြေညာသည့်နေ့မှ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးဉာဏ်မင်းထက်(LL.B, DIPL, PGDB) ဒေါ်ယုဇန်ကို(LL.B, PGDB)**

**အထက်တန်းရှေ့နေ(စဉ်-၅၂၃၁၂) အထက်တန်းရှေ့နေ(စဉ်-၅၂၇၄၆)**

**အမှတ်(၂၈၀/က)၊ ညီညွတ်ရေးလမ်း၊ (၃၈)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။**

**ဖုန်း-၀၉-၉၇၇၁၂၈၁၃၈၊ ၀၉-၄၂၀၀၉၉၄၆၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အမှတ် (၆၈၄/ခ)၊ ဂန္ဓမာ(၅)လမ်း၊ ကြည်စုအနောက်ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ဟုခေါ်တွင်သည့် (အလျား ၆၀' x အနံ ၁၅') အကျယ် အဝန်းရှိ မြေကွက်နှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အရပ်ကတိ စာချုပ်အဆက်စပ်ဖြင့်ဝယ်ယူပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးကျော်ဘုန်းလင်း [၁၂/သဃက(နိုင်)၁၄၆၈၈၆]မှ အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ဘီဘီသိန်း(ခ)ဒေါ်ဘောဘီ**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၉၁)**

**အမှတ် (၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**

**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၅၁၄၄၄၀၂**

## "(၁၂-၁၀-၂၀၂၅)ရက်နေ့ထုတ် ကြေးမုံသတင်းစာ၊ စာ-၂၅ ပါ ကိုကျော်နန္ဒာ[၁၂/သကတ(နိုင်)၂၀၆၅၅၀]နှင့် မမေမြတ်ကျော် [၁၂/သကတ(နိုင်)၂၀၆၄၃၄] တို့၏ ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေများဖြစ်ကြသော ဦးလှရွှေ၊ ဒေါ်မြသက်ဝင်း၊ ဦးကျော်ဇင်လတ်တို့မှ အမွေရှင် ဒေါ်လှကျင် ကျန်ရစ်ခဲ့သော ပစ္စည်းနှင့်စပ်လျဉ်း၍ အများသိစေရန် အသိပေးကြေညာခြင်းဟူသော ကြေညာချက်နှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်း အသိပေးကြေညာခြင်း"

အထက်အကြောင်းအရာပါ ကြေညာချက်နှင့်ပတ်သက်၍ ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်ကြသော ဒေါ်စန်းထွေး [၁၂/သကတ(နိုင်)၀၄၇၄၄၀]၊ ဒေါ်အုန်းမြင့်[၁၂/သကတ(နိုင်)၁၁၆၁၆၉]၊ ဦးသန်းထွန်း[၁၂/ဒလန(နိုင်) ၀၁၈၇၂၆]နှင့် ဒေါ်ထွေးထွေးမော်[၁၂/သကတ(နိုင်)၁၂၇၁၆၂]ကိုင်ဆောင် သူတို့၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်း အသိပေး ကြေညာအပ်ပါသည်-

လူကြီးမင်းတို့၏ကြေညာချက်အပိုဒ်(၁) (၂) (၃)တို့ပါ အကြောင်းအရာ များမှာ မှန်ကန်သဖြင့် ရှင်းလင်းကြေညာရန်မလိုအပ်ပါ။

ကြေညာချက်အပိုဒ်(၄)ပါ အကြောင်းအရာနှင့်ပတ်သက်၍ ပြန်လည် ရှင်းလင်းသိစေအပ်သည်မှာ- ကျွန်ုပ်တို့မိတ်ဆွေများ၏မိခင် ဒေါ်လှကျင်မှ (၁-၅-၂၀၀၈)ရက်နေ့တွင် "မိသားစုစီမံချက်ပြုလုပ်ခွဲဝေပေးရန် သဘော တူညီချက်"စာချုပ်အား ပြုလုပ်ချုပ်ဆို၍-ရန်ကုန်တိုင်းဒေသကြီး၊ သာကေတ မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၊ လူနေရပ်ကွက်အမှတ်- ၅၊ မြေကွက် အမှတ်-၃၁၆/က၊ မြေကွက်၏တစ်ဝက်၊ ခေါင်းရင်းခြမ်း (အရှေ့အရပ်ဘက်ရှိ အခြမ်း)၊ အကျယ် (၁၀ပေx၆၀ပေ)၊ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် တည်ရှိသောအမှတ်(၃၁၆/က)၊ သုမန(၅)လမ်း၊ ၅/ရပ်ကွက်၊ သာကေတ မြို့နယ်ဟုခေါ်တွင်သည့် အဆောက်အအုံအား သမီးထွေးဖြစ်သူ ဒေါ်ထွေး ထွေးမော်အား လက်ရောက်ပေးအပ်လိုက်ကြောင်း၊ ဒေါ်ထွေးထွေးမော် မှလည်း ယနေ့တိုင် လက်ဝယ်ထားပိုင်ဆိုင်လျက်ရှိကြောင်း၊ ယင်းစာချုပ် ချုပ်ဆိုစဉ် မိခင်ဖြစ်သူ ဒေါ်လှကျင်နှင့် ဖခင်ဖြစ်သူ ဦးဘိတာစောတို့မှ မွေးဖွား ထားသော သားသမီးများဖြစ်ကြသည့် ဦးမောင်မြင့်၊ ဒေါ်စန်းမြင့်၊ ဒေါ်စန်း စန်းမြင့်၊ ဒေါ်အုန်းမြင့်၊ ဒေါ်စန်းထွေး၊ ဒေါ်စန်းစန်းရီ၊ ဒေါ်စန်းစန်းမော်၊ ဦးသန်းထွန်းတို့နှင့် မိခင် ဒေါ်လှကျင်ကိုယ်တိုင် အသိသက်သေလူကြီးစုံရာ ရှေ့မှောက်တွင် လက်မှတ်ရေးထိုး စာချုပ်ချုပ်ဆိုခဲ့ပါကြောင်း၊

အဆိုပါစာချုပ်အရ ဒေါ်ထွေးထွေးမော်တစ်ဦးတည်းသော ပိုင်ဆိုင် အကျိုးခံစားခွင့်ရှိသော အိမ် မြေကွက်အပေါ် အမွေပုံပစ္စည်းအဖြစ် ဒေါ်စန်း စန်းမော်၏ သားသမီးများမှ ကြေညာခြင်းသည် မှားယွင်းသောကြေညာချက် သာဖြစ်ကြောင်း ညွှန်ကြားချက်အရ ပြန်လည်ရှင်းလင်း အသိပေးကြေညာ အပ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အိမ်မြေကွက်အား ကျွန်ုပ်၏မိတ်ဆွေ များနှင့် ကိုကျော်နန္ဒာ၊ မမေမြတ်ကျော်တို့၏ မိခင် ဒေါ်စန်းစန်းမော်ကိုယ်တိုင် လက်မှတ်ရေးထိုးချုပ်ဆိုထားသော(၁-၅-၂၀၀၈)နေ့စွဲပါ မိသားစုစီမံချက် ပြုလုပ်ခွဲဝေပေးရန် သဘောတူညီချက်စာချုပ်အား မျက်ကွယ်ပြု၍ ကြေညာ ခဲ့သောကြေညာချက်ပါအကြောင်းအရာများအား ဤကြေညာစာပါရှိသည့် နေ့မှစ၍ (၇)ရက်အတွင်း ပြန်လည်ရုပ်သိမ်းပေးစေလိုပါကြောင်း ညွှန်ကြားချက် အရ သိစေအပ်ပါသည်။ ထပ်မံ၍သိစေအပ်သည်မှာ ဤကြေညာချက်ပါ အိမ်၊ မြေကွက်၏ အကျိုးခံစားခွင့်ရှိသူ ဒေါ်ထွေးထွေးမော်မှ ယင်းအိမ်မြေ ကွက်အား ပြန်လည်ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ တစ်နည်းနည်းဖြင့်လွှဲပြောင်း ခြင်းတို့အပြင် ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ အာမခံအဖြစ်ထားရှိခြင်းတို့အား ပြုလုပ်ပိုင်ခွင့်ရှိသူဖြစ်၍ ဒေါ်ထွေးထွေးမော်၏ ပိုင်ဆိုင်အကျိုးခံစားခွင့်နှင့် ပတ်သက်၍ ဟန့်တားနှောင့်ယှက်ခဲ့လျှင်သော်လည်းကောင်း၊ နစ်နာဆုံးရှုံး စေရန် ပြုမူဆောင်ရွက်ခဲ့လျှင်သော်လည်းကောင်း၊ တည်ဆဲဥပဒေများနှင့် အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်စန်းထွေး၊ ဒေါ်အုန်းမြင့်၊ ဦးသန်းထွန်းနှင့် ဒေါ်ထွေးထွေးမော်တို့၏**

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နီလာဝင်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၂၃)**

**ဒေါ်ဂျာရိန်အောင်ဘူ(LL.B) ဒေါ်သီသီဟန်(LL.B)**

**အထက်တန်းရှေ့နေ(စဉ်-၅၅၅၆၀) အထက်တန်းရှေ့နေ(စဉ်-၅၆၂၁၇)**

**အမှတ်(၂၃၉)၊ ပထမထပ်၊ (၃၆)လမ်းအထက်၊ ကျောက်တံတားမြို့နယ်၊**

**ရန်ကုန်မြို့။ Ph:09-778434507, 09-794077590**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၄/၂)၊ မြေကွက်အမှတ်(၁၆၀/၁)ဟုခေါ်တွင်သော အမှတ်(၁၆၀/၁)၊ ရွှေပြည်စိုးလမ်းနှင့် ၄ဂက်တော်လမ်းထောင့်၊ (၁၄/၂) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဧရိယာ(၁၅၁၉) စတုရန်းပေ (၃၅x၄၃.၄)ပေ အကျယ်အဝန်းရှိ နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစား မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၌ ဒေါ်ဝင်းဝင်းဌေး (ဘ) ဦးအယောက် [၁၂/ဥကတ(နိုင်)၁၁၈၇၈၂] ၏ အမည်ဖြင့် မှတ်သားထားရှိပါသည်။ အမည်ပေါက်ပိုင်ရှင်ဖြစ်သူက ဖော်ပြပါ မြေကွက်နှင့် မြေကွက်ပေါ်ရှိအဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ သည်။ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူမည်သူမဆို ပိုင်ဆိုင်မှုစာရွက် စာတမ်းအထောက်အထား မူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၀) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် အတွင်း ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်နီဝမ်းလှိုင်အောင်**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၆၁၇)**

**တိုက်(T-4)၊ အခန်း(၁၀၂)၊ ဇောတိကအိမ်ရာ၊ လေးထောင့်ကန်လမ်း၊**

**၈/မြောက်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီး၊**

**ဖုန်း-၀၉-၄၂၀၂၂၃၈၈၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၄/၆၊ မြေကွက်အမှတ်- ၂၈၅/ခ၊ ဧရိယာ (၀.၀၂၇)ဧက၊ မြေကွက်တည်နေရာအမှတ်-၂၈၅/ခ၊ သန္တာလမ်း၊ (၅/၆)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ဒေါ်ကြည် (KPW-၀၀၃၄၇၅)အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဂရန်မြေ အမည်ပေါက် ဒေါ်ကြည် (KPW-၀၀၃၄၇၅)၊ မိခင်ဖြစ်သူသည် (၅-၁-၂၄)ရက်နေ့တွင်လည်းကောင်း၊ ဖခင်ဖြစ်သူ ဦးထွန်းရီ (IGU- ၀၇၇၇၃၀)သည် (၅-၁-၂၀၀၀) ရက်နေ့တွင် အသီးသီးကွယ်လွန်သွားပါသဖြင့် တစ်ဦးတည်းသောသားဖြစ်သူ ဦးလှမျိုးဦး(ခ)မျိုးဦး [၁၂/ရပသ(နိုင်)၀၀၀၆၄၈]မှ ဂရန်မူရင်း၊ မိခင်/ဖခင်သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ မြေအမည်ပေါက်ဖြစ်သူ မိခင် ဒေါ်ကြည်နှင့် ဖခင် ဦးထွန်းရီတို့ ကွယ်လွန်ပြီးနောက် တစ်ဦးတည်းသောသား ဖြစ်သူ ဦးလှမျိုးဦး(ခ)မျိုးဦးကသာလျှင် အထက်ဖော်ပြပါမြေကွက်နှင့် အကျိုး ခံစားခွင့်အရပ်ရပ်အားလုံးတို့အား မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အမွေဆက်ခံ ခြင်းဆိုင်ရာ ဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိပါကြောင်းနှင့် ၎င်းမှ လွဲ၍ အခြားသော အမွေဆက်ခံပိုင်ဆိုင်မည့်သူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာအမှတ်-၂၃၅၇/၂၀၂၅ (၂၂-၉- ၂၀၂၅)၊ အသိသက်သေနှစ်ဦး၏ ထပ်ဆင့် ကျမ်းကျိန်လွှာ(၂)စောင်၊ နိုင်ငံသားစိစစ်ရေး ကတ်တို့တင်ပြ၍ ပိုင်ဆိုင်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့် ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ (၈)ရပ်ကွက်၊ ကျန်စစ်မင်းအိမ်ရာ၊ အပိုင်း(၁)၊ ရာဇကုမာရ်လမ်း၊ (၄)ခန်းတွဲ (၅)ထပ်တိုက်၏ တိုက်အမှတ်(၉၆)၊ အခန်းအမှတ်(၄၀၃)၊ စတုတ္ထထပ်၊ဧရိယာ(၄၀၀ စတုရန်း ပေ)ရှိ တိုက်ခန်းအား ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနမှ ဒေါ်ရတနာဝေမိုး[၉/ပသက(နိုင်)၀၉၁၄၀၉]အမည်ဖြင့် ချထား ပေးသော တိုက်ခန်းဖြစ်ပြီး အဆိုပါ ရေ၊ မီး အပြည့်အစုံတိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ဝယ်ထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မိုးမိုးသန့် [၈/ သရန(နိုင်)၁၁၀၅၂၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ သည်။ အဆိုပါတိုက်ခန်းအား လွှဲပြောင်းရောင်းချမှုနှင့်ပတ်သက်၍ ကန့်ကွက် လိုပါက မည်သူမဆို ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ် ထံသို့ တရားဝင်ခိုင်လုံသောစာချုပ်စာတမ်း(မူရင်း)အထောက်အထားအပြည့် အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက သတ်မှတ်နေ့ရက်ကျော်လွန်သည့် အချိန်တွင် အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်သင်းယုရွှေ(LL.B, D.B.L) ဒေါ်ကေသွယ်(LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၃၃၆) အထက်တန်းရှေ့နေ (စဉ်-၄၈၀၆၉)**

**အမှတ်-၂၀၄၊ မြိတ်လမ်း၊ (၂၁)ရပ်ကွက်၊**

**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**ဖုန်း-၀၉-၄၄၃၁၆၈၀၀၃၊ ၀၉-၇၇၃၁၆၈၀၀၃**

## ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁/ အနော်မာ၊ မြေကွက်အမှတ် (၂၃၉/က)၊ အဆောက်အအုံ အမှတ်(၂၃၉/က)၊ အနော်မာ(၆)လမ်း၊ ၁/အနော်မာရပ်ကွက်၊ သာကေတမြို့နယ် ဟုခေါ်တွင်သော မြေရှင် ဒေါ်ရီနှင့် ဒေါ်စကီနာဘီတို့ အမည်ပေါက်သော မြေပေါ်တွင် ဆောက်လုပ်ထားသည့် (၁)ခန်းတည်း၊ (၅)ထပ်ခွဲတိုက်အဆောက်အဦ၏ မြေညီထပ်၊ အကျယ်အဝန်း (၁၈ပေx၅၄ပေ)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်ရည်ညွှန်းလိပ်စာပါ တိုက်ခန်းနှင့်ယင်းတိုက်ခန်း၏ အကျိုး ခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အပိုင်ရောင်းချသူ ဒေါ်ကေခိုင်ဝင်း [၁၂/မဂတ(နိုင်)၀၉၇၇၆၈]မှ အရပ်ကတိအရောင်းအဝယ်စာချုပ် အဆက်စပ် ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသောတိုက်ခန်းဖြစ်ကြောင်းနှင့် ရောင်းချပိုင်ခွင့် ရှိကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း၊ ထုတ်ဖော်ဝန်ခံကတိပြုလျက် ကာလတန်ဖိုးနှင့်အညီ အပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အပေါ် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးတင်မျိုးဆွေ[၇/နတလ(နိုင်)၁၁၂၀၀၇]မှ အပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား စရန်ငွေ အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အရောင်းအဝယ်အား ကန့်ကွက် လိုပါက ခိုင်လုံသော မူရင်းစာရွက်စာတမ်းအထောက်အထားများဖြင့် ဤကြော်ငြာ စာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါ ကြောင်းနှင့် သတ်မှတ်ရက်ပြည့်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်း အဝယ်အားဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင်မျိုးဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နီလာဝင်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၂၃)**

**အမှတ်(၂၃၉)၊ ပထမထပ်၊ (၃၆)လမ်းအထက်၊**

**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Ph:09-778434507**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ကမာကသွယ်ရပ်ကွက်၊ ဗိုလ်ဥတ္တမလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ်(၈၆၂/ခ)၊ အကျယ်အဝန်း(၂၀ x ၆၀)ပေရှိ ဦးဝင်းထိန်အမည်ပေါက်သည့် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးစောလွင်(ခ)ဆလီမူလ္လာ [၁၂/မရက(နိုင်)၁၃၀၈၇၃] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဖိုးစရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်သည်အထိ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ တရားဝင်ဖြစ်စေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**"လွှဲအပ်ညွှန်ကြားချက်အရ"**

**ဦးမျိုးမင်းထွန်း (LL.B., D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၂၅၉) (၁၄-၃-၂၀၁၇)**

**အမှတ်(၅၀)၊ မြေညီထပ်၊ (၃၉)လမ်းအောက်၊ (၈)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်။**

**Ph:09-401573462, 09-777171997**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၈၅)၊ မြေကွက်အမှတ်(၁၃၂၄)၊ အကျယ် အဝန်း(၄၀ပေx၆၀ပေ)ရှိ ပါမစ်မြေကွက်သည် ဦးထွန်းရီ (CE-၀၅၀၁၅၈) အမည်ပေါက်သော မြေကွက်ဖြစ်သည်။ ယင်းမြေကွက် အနက်မှ တရားဝင်မခွဲစိတ်ထားသည့် မြေကွက်အမှတ်(၁၃၂၃)နှင့်ကပ်လျက်အခြမ်း အကျယ်အဝန်း(၂၀ပေx၆၀ပေ) ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၁၃၂၄)၊ ဗန္ဓုလလမ်းသွယ်၊ (၈၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ဟု ခေါ်တွင်သော မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ၎င်းအမည်ပေါက်မှ ရောင်းချခဲ့သောကြောင့် အရပ်ကတိ ဆက်စပ်စာချုပ်များ ခွဲစိတ်ရောင်းချခဲ့သဖြင့် နောက်ဆုံးဝယ်ယူပိုင်ဆိုင်ခဲ့သည့် (၁)ဦးကောင်းသန့်နိုင် [၁၂/ဒဂတ(နိုင်)၁၀၇၉၅၆]၊ (၂) ဒေါ်ချမ်းမြသူ[၁၂/ဒဂတ(နိုင်)၁၀၇၉၇၀]၊ (၃)ဒေါ်ချစ်ပွင့်ဖြူ [၁၂/ဒဂတ(နိုင်) ၁၀၇၉၇၁]တို့မှ မိမိတို့သာလျှင် လက်ဝယ်ပိုင်ဆိုင် ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဖွင့်ဟဝန်ခံရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်နိုင်စိုး[၈/ဆဖန (နိုင်)၀၆၄၅၀၇]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသောစာချုပ်စာတမ်းများ၊ အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကြော်ငြာပါသတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်သင်းစုမွန် (LL.B) ဒေါ်ပိုးအိအိစံ (LL.B)(LL.M)**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၅၂၁) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၀၅၀)**

**အမှတ်(၂၄)၊ နတ်မောက်(၇)လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။**

**ဖုန်း-၀၉- ၂၅၀၆၄၃၈၃၄၊ ၀၉-၄၅၀၀၉၉၀၆၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၄)၊ မြေကွက်အမှတ် (၆၆၆)၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိ ပါမစ်မြေကွက်သည် ဦးတင်အောင်(CG-၀၈၀၉၆၆) အမည်ပေါက်သော မြေကွက်ဖြစ်သည်။ ယင်းမြေကွက်အနက်မှ တရားဝင်မခွဲစိတ်ထားသည် မြေကွက်အမှတ် (၆၆၇)နှင့်ကပ်လျက်ခြမ်း၊ အကျယ်အဝန်း(၂၀ပေx၆၀ပေ)ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၆၆၆)၊ မြရတနာ(၄)လမ်း၊ (၂၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ဟုခေါ်တွင်သော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရပ်ကတိ အဆက်အစပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သည့် ဒေါ်မီမီဝင်း[၁၃/လရန(နိုင်)၁၃၆၁၅၀]မှ မိမိသာလျှင် လက်ဝယ် ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဖွင့်ဟဝန်ခံရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မေ သကြဲန်ကြို [၁၂/ကမန(နိုင်)၀၇၇၁၁၇]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါ၍ အရောင်းအဝယ် အား ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကြော်ငြာပါသတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်သင်းစုမွန် (LL.B) ဒေါ်ပိုးအိအိစံ (LL.B)(LL.M)**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၅၂၁) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၀၅၀)**

**အမှတ်(၂၄)၊ နတ်မောက်(၇)လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။**

**ဖုန်း-၀၉-၂၅၀၆၄၃၈၃၄၊ ၀၉-၄၅၀၀၉၉၀၆၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ကန်တော်လမ်း၊ မြေကွက်အမှတ် (၇၇၇)၊ အိမ်အမှတ်(၂၀)၊ မြေကွက်ပေါ်တွင် မြေရှင်နှင့် ကန်ထရိုက်တာတို့ အကျိုးတူ အခန်းပေးအခန်းယူစနစ်ဖြင့် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၆)ထပ်တိုက်အနက်မှ ကန်ထရိုက်တာခွဲဝေရရှိထားသော ဒုတိယထပ်(B)၊ အကျယ်အဝန်း(၁၂ပေx၅၀ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ ကိုယ်ပိုင်လျှပ်စစ်မီတာ၊ ရေမော်တာအပါအဝင် တိုက်ခန်း ၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ၎င်းကန်ထရိုက်တာမှ ရောင်းချခဲ့သောကြောင့်အရပ်ကတိဆက်စပ်စာချုပ် များဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သည့် ဒေါ်မိုးသီတာကျော် [၁၄/ရကန(နိုင်)၁၆၀၁၃၂]မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင် ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဖွင့်ဟဝန်ခံရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးအေးကြိုင် [၁၂/သကတ(နိုင်)၀၂၉၃၂၁]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကြော်ငြာပါသတ်မှတ်ရက်အတွင်း ကန့်ကွက် မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်သင်းစုမွန် (LL.B) ဒေါ်ပိုးအိအိစံ (LL.B)(LL.M)**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၅၂၁) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၀၅၀)**

**အမှတ်(၂၄)၊ နတ်မောက်(၇)လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။**

**ဖုန်း-၀၉- ၂၅၀၆၄၃၈၃၄၊ ၀၉-၄၅၀၀၉၉၀၆၉**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ အစုကြီးကျေးရွာ၊ ကျောင်းလမ်း၊ (ရွာမြေ)အတွင်းရှိ အကျယ်အဝန်း (အလျား ၆၀ ပေ x အနံ ၂၀ ပေ)ရှိ ခြံမြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးလွင်မင်းစိုး [၈/ရနခ(နိုင်)၁၀၂၆၇၁]ထံမှလည်းကောင်း၊ အလားတူ ထိုကျေးရွာရှိ အကျယ်အဝန်း(အလျား ၆၀ ပေ x အနံ ၂၀ ပေ)ရှိ ခြံမြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်ရင်မြင့် [၁၂/ထတပ (နိုင်)၀၈၂၆၆၆]ထံမှလည်းကောင်း၊ ကပ်လျက်မြေကွက်(၂)ကွက်ကို ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးကျော်စိုး [၁၁/သတန (နိုင်)၀၈၇၇၂၄]နှင့် နော်အိပွင့်ဖြူ [၁၂/အစန(နိုင်)၂၅၆၅၂၂]မှ အပြီးအပိုင်ဝယ်ယူ၍ လက်ရောက်ရယူခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါမြေကွက်များနှင့်ပတ်သက်ပြီး အရှုပ်အရှင်းများပေါ်ပေါက်လာခဲ့ပါက မြေကွက်ရောင်းချသူများဖြစ်သော ဦးလွင်မင်းစိုး၊ ဒေါ်ရင်မြင့်တို့နှင့်သာ သက်ဆိုင်ပြီး ဝယ်ယူသူများဖြစ်သော ကျွန်ုပ်၏မိတ်ဆွေများနှင့် လုံးဝသက်ဆိုင်ခြင်းမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်အေးအေးသန့် (LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၅၀/၁၃-၉-၂၀၁၂)**

**အမှတ်-၁၁(ပ-ထပ်)၊ ဝေဠုဝန်(၂)လမ်း၊ ၁၀/တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၅၀၆ ၁၀၅၃**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၂)၊ ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာရှိ Evergreen Condominium၊ တိုက်အမှတ်(B)၊ အခန်းအမှတ်(၄၀၃)ဟုခေါ်တွင်သော တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို THE ONE INTERNATIONAL LIMITED ကသာလျှင် တရားဝင်လက်ရှိထားပိုင်ဆိုင်ကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်အိကေဇင် (LL.B, D.B.L, D.I.L, D.I.P.L) ဒေါ်အိအိမွန် (LL.B, D.B.L, D.I.P.L) ဒေါ်မေသူထွန်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၇၂၃) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၇၆၄) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၇၆၃)**

**အမှတ် (၇၀)၊ ၅-လွှာ(ဘီ)၊ လှည်းတန်းလမ်းမ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၄၂၈၅၉၆၁၅၄၊ ၀၉- ၄၂၁၀၃၁၉၄၂**

❖ နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေးမောင်းနှင်အား၊ စီးပွားရေးမောင်းနှင်အားနှင့် ကာကွယ်ရေးမောင်းနှင်အားများလိုအပ်...

❖ နိုင်ငံရေးမောင်းနှင်အားကောင်းမွန်မှသာ စီးပွားရေးမောင်းနှင်အား ကောင်းမွန်မည်ဖြစ်ပြီး စီးပွားရေးမောင်းနှင်အား ကောင်းမွန်မှသာ ကာကွယ်ရေးစွမ်းပကားကို မြှင့်တင်နိုင်မည်ဖြစ်...

❖ စီးပွားရေးမောင်းနှင်အားကောင်းမွန်မှုသည် နိုင်ငံတစ်ခုအတွက် မဖြစ်မနေအရေးကြီးသည့် ကဏ္ဍမှ ပါဝင်သဖြင့် စီးပွားရေးအားကောင်းအောင် ဝိုင်းဝန်းဆောင်ရွက်ကြစေလို...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ပြုလုပ်သော ဘားအံမြို့ရှိ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# (၈၁)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ကြမည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများအား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဦးဆောင်သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက ဂါရဝပြုကန်တော့

နေပြည်တော် မတ် ၂၆

၂၀၂၆ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်မည့် (၈၁) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ ပါဝင်တက်ရောက်ကြမည့် တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစားတပ်မတော်အရာရှိကြီးများအား တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက ဂါရဝပြုကန်တော့သည့် အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ကျင်းပပြုလုပ်သည်။

အဆိုပါ ဂါရဝပြုကန်တော့သည့် အခမ်းအနားသို့ အငြိမ်းစား တပ်မတော် အရာရှိကြီး ၁၈ ဦးနှင့် ဇနီး ကိုးဦး စုစုပေါင်း ၂၇ ဦးတို့ ကန်တော့ခံ တက်ရောက်ကြပြီး နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်စား နိုင်ငံတော်လုံခြုံရေး နှင့် အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✪



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ် ဦးဆောင်သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက (၈၁)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ကြမည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများအား ဂါရဝပြုကန်တော့စဉ်။



မြန်မာအသင်းတိုက်စစ်မှူး သန်းပိုင်၏ ခေါင်းတိုက်ဂိုးသွင်းရန် ကြိုးပမ်းမှုကို တွေ့ရစဉ်။

## အာရှဖလား တတိယအဆင့်ခြေစစ်ပွဲတွင် မြန်မာအသင်း အာဖဂန်နစ္စတန်ကို နှစ်ကျော့စလုံး အနိုင်ယူ

ရန်ကုန် မတ် ၂၆

၂၀၂၇ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ အုပ်စု (E) မှ ရှေ့ဆိုင်းထားသော အာဖဂန်နစ္စတန်အသင်းနှင့် မြန်မာအသင်းပွဲကို မတ် ၂၆ ရက်က ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ကျင်းပရာ မြန်မာအသင်းက အာဖဂန်နစ္စတန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

စာမျက်နှာ ၂၁ ကော်လံ ၁ သို့ ✢

## မန္တလေးငလျင်ကြီး (၁) နှစ်ပြည့် အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် မတ် ၂၆

မန္တလေးငလျင်ကြီး (၁) နှစ်ပြည့် အခမ်းအနားကို မတ် ၂၈ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁)၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားကျင်းပပုံများကို ယင်းနေ့ မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ မှ စတင်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV–HD၊ MRTV – News၊ MRTV – NRC၊ MRTV Farmers’ Channel၊ MITV၊ MWD – HD၊ MWD Variety – HD၊ Readers’ Channel၊ Up To Date နှင့် MNTV ရုပ်သံလိုင်းများမှလည်းကောင်း၊ မြန်မာ့အသံရေဒီယို၊ သဇင် FM ၊ FM ပုဂံ၊ မန္တလေး FM၊ ပဒ္မဝတီ FM၊ ရွှေ FM၊ ပတ္တမြား FM၊ ချယ်ရီ FM နှင့် Star FM တို့မှလည်းကောင်း၊ MRTV App, Radio App အပါအဝင် Online Media တို့မှလည်းကောင်း တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်းသိရသည်။

သတင်းစဉ်

**ယနေ့ ဖတ်စရာ**

**နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အဖွဲ့ဝင် ရှစ်ဦးနှင့် AA အဖွဲ့ဝင် ၁၀ ဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်**

စာမျက်နှာ » ၁၁